# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၆၅)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၂၂ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်နှင့်နတ်မောက်မြို့နယ်အတွင်းရှိကျေးရွာအချို့တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းနေရာများအား သိမ်းပိုက်ရရှိ

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများတိုးတက်စေရန် အဓိကဖြစ်သည့် နယ်မြေတည်ငြိမ်အေးချမ်း၍ ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တပ်မတော်က စွမ်းစွမ်းတမံကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များသာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘဝများ စာမျက်နှာ ၁၆ ကော်လံ ၁ ❖



လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ်၊ ကန်သာကျေးရွာအနီး၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းအား သိမ်းပိုက်စဉ် သိမ်းဆည်းရမိသည့် လက်လုပ်ဗုံးသီးများနှင့်ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။

## ဇူလိုင်လအတွင်း အားအသင့်အတင့်ရှိသော အယ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့်လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော အယ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များခန့်မှန်းချက်အရ ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း အားအသင့်အတင့်ရှိသော အယ်နီညိုအခြေအနေသို့လည်းကောင်း၊ စာမျက်နှာ ၁၄ ကော်လံ ၄ ➲

**ကဗျာ “ရည်တူမျှော်ဆောင် နှစ်ပြည်ထောင်အကျိုး”** စာ - ၅ သို့

## ဖားကန့်မြို့နယ်အတွင်း ဥရုချောင်းရေမြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်အချို့ ရေဝင်ရောက်

ဖားကန့် ဇွန် ၂၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်၌ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းတွင် မြေနိမ့်ပိုင်းရပ်ကွက်အချို့ ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၅ ကော်လံ ၁ ▼





လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ ဆီသယ်ယာဉ်များအား သတ်မှတ်လမ်းကြောင်းများအတိုင်း သွားလာမှု ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးနေမှုကိုတွေ့ရစဉ်။

## ဆီသယ်ယာဉ်များအား သတ်မှတ်လမ်းကြောင်းများအတိုင်း သွားလာမှု ရှိ၊ မရှိ စောင့်ကြည့်အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ဆီသယ်ယာဉ်(ဘောက်ဆာ)များတွင် GPS များတပ်ဆင်ထားရှိစေပြီး သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်သွားလာမှု ရှိ၊ မရှိနှင့် စာမျက်နှာ ၁၄ ကော်လံ ၁ ▲

## မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇွန် ၂၁

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင်ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိချောင်းကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာယောဂနေ့ (International Day of Yoga - IDY)ကျင်းပ

ရန်ကုန် ဇွန် ၂၁

၂၀၂၆ ခုနှစ်အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးမှ သံအမတ်ကြီး Shir Abhay Thakur နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးမှ သံအမတ်ကြီး Shir Abhay Thakur နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က စာမျက်နှာ ၅ ကော်လံ ၁ ●



## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၂၂ ရက်)

# မြန်မာပြည် သာယာသည် တို့နိုင်ငံကြီးချမ်းသာပြီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး ပြည်သူများတစ်ခဲနက်ဆန္ဒမဲပေးရွေးချယ်ခဲ့သည့် ဒီမိုကရေစီအစိုးရဖွဲ့စည်းတာဝန်ယူပြီးနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်မှုဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့်ဆက်လက်လျှောက်လှမ်းနေချိန်တွင် ၂၀၂၀ ပြည့်နှစ်က မြန်မာနိုင်ငံမိုးကုတ်ရတနာမြေမှရှာဖွေတွေ့ရှိခဲ့သည့် ထူးခြားလှပပြီးအရွယ်အစားကြီးမားသည့် နီလာအရိုင်းတုံးကြီး အလေးချိန် ၁၄၃၀၀ ဂရမ် (၇၁၅၀၀ ကရက်) နှင့် နီလာပုံဆောင်ခဲ ၃၅၄ ဒသမ ၇၇ ဂရမ် (၁၇၇၃ ဒသမ ၈၅ ကရက်)တို့အား နိုင်ငံတော်ထံသို့လာရောက်အပ်နှံခဲ့သည့် သတင်းကောင်းကို ဇွန်လ ၁၄ ရက်တွင်စတင်သိရှိကြသည်။

ယခင် ၂၀၀၉ ခုနှစ်တွင် အလေးချိန် ၁၁၈၇၇ ဂရမ် (၅၉၃၈၅ ကရက်)ရှိသော နီလာအရိုင်းတုံးကို ရှာဖွေတွေ့ရှိခဲ့ပြီး ယခုနီလာအရိုင်းတုံးကြီးသည် အလေးချိန် ၁၄၃၀၀ ဂရမ် (၇၁၅၀၀ ကရက်) ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန်ခက်ခဲပြီးရှားပါးသည်။ အပြာရင့်ရောင်ဖြစ်ပြီး အလင်းပေါက်မှုအနေဖြင့် အလင်းမှုန်အဆင့်ရှိပြီး ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် နီလာအရိုင်းတုံးကြီးဖြစ်သည်။

လက်ရှိအစိုးရသစ်လက်ထက်တွင် မေလ ၇ ရက်ကလည်း အလေးချိန် ၂၂၀၀ ဂရမ် (၁၁၀၀၀ ကရက်)ရှိ ပတ္တမြားကြီးကိုရရှိခဲ့သည်။ အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန်ခက်ခဲပြီးရှားပါးသည်။ ပတ္တမြားကြီးအနေဖြင့် ခရမ်းရောင်သမ်းသောအနီရောင်တွင် အဝါရိပ်ဖောက်သောအရောင်ရှိပြီး အရောင်အဆင့်အတန်းအားဖြင့် ကောင်းမွန်လှသည်။ အလင်းပေါက်အားသင့်တင့်ပြီး ဖန်ရောင်လက်ကောင်းမွန်ကာ ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့်ပတ္တမြားကြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခင်ကရှားပါးပြီးတန်ဖိုးရှိသည့် ၁၉၉၀ ပြည့်နှစ်တွင် ရရှိခဲ့သောအလေးချိန် ၉၉ ဒသမ ၂၅ ဂရမ်(၄၉၆ ဒသမ ၂၅ ကရက်)ရှိ နဝတပတ္တမြား၊ ၁၉၉၆ ခုနှစ်တွင် ရရှိခဲ့သောအလေးချိန် ၄၂၉၀ ဂရမ်(၂၁၄၅၀ ကရက်)ရှိ ပတ္တမြားနှင့် ၂၀၂၂ ခုနှစ်တွင်ရရှိခဲ့သော အလေးချိန် ၅၅၇ ဒသမ ၈၅ ဂရမ်(၂၇၈၉ ဒသမ ၂၅ ကရက်)ရှိ နစကပတ္တမြားတို့ကို ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။

ထို့ပြင် ရေအောက်ရတနာဟုဆိုအပ်သောသဘာဝဓာတ်ငွေ့သိုက်များ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် ရှာဖွေတွေ့ရှိကြောင်းသတင်းကောင်းကိုလည်း ဇွန်လ ၁၄ ရက်တွင် စတင်ကြားသိရသည်။ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့များကို မြန်မာ့ကမ်းလွန်စီမံကိန်းများမှ ထုတ်ယူလျက်ရှိပြီး လက်ရှိထုတ်လုပ်နေသည့် စီမံကိန်းများတည်ရှိနေသော ရေတိမ်ပိုင်းကမ်းလွန်ဒေသများအပြင် ရေနက်ပိုင်းကမ်းလွန်ဒေသများတွင်လည်း ကြီးမားသောသဘာဝဓာတ်ငွေ့ခိုအောင်းမှုများရှိနေသည်ဟု ဘူမိဗေဒပညာရှင်များက ပင်လယ်ရေအောက်တွင်တည်ရှိနေသည့် သဲကြောများအား 3D Seismic ပြုလုပ်၍ ရရှိလာသည့် အချက်အလက်များနှင့်စမ်းသပ်တူးဖော်ခဲ့သော ရှာဖွေရေးတွင်းများ၏ရလဒ်များကို အခြေပြု၍ အတည်ပြုကြသည်။

ရောဝတီကမ်းလွန်ဒေသလုပ်ကွက်စီမံကိန်းသည် ရောဝတီကမ်းလွန်ဒေသရေနက်ကမ်းလွန်ပိုင်းတွင် တည်ရှိပြီး အစမ်းတွင်းနှင့်အတည်ပြုတွင်းများတူးဖော်၍ ရာနှုန်းပြည့်သေချာမှုရှိသည့် သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံ ကုဗပေအထိထွက်ရှိရန် အလားအလာရှိသောဓာတ်ငွေ့သိုက်ဖြစ်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းစဉ်များဆောင်ရွက်လျက်ရှိသည်။ တနင်္သာရီကမ်းလွန်ဒေသလုပ်ကွက်သည် တနင်္သာရီကမ်းလွန်ဒေသ ရေနက်ကမ်းလွန်ပိုင်းတွင်တည်ရှိပြီး သဘာဝဓာတ်ငွေ့သိုက်ဟုအတည်ပြုထားပြီး သေချာမှု ၉၀ ရာခိုင်နှုန်း(P 90) ပမာဏ ၉၅ ထရီလီယံကုဗပေခန့်ရှိသည်။

မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသည့်ကမ်းလွန်စီမံကိန်းလေးခုကို ဖော်ဆောင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်မြေဩဇာထုတ်လုပ်မှုအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် သဘာဝဓာတ်ငွေ့များကိုအသုံးပြုလျက်ရှိရာ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိသည်။ ယခုအခါစီမံကိန်းအသစ်လေးခုကို ထပ်မံဖော်ဆောင်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိနေပြီး ယင်းစီမံကိန်းလေးခုအနက် ရောဝတီကမ်းလွန်ဒေသတွင်ဖော်ဆောင်နေသည့် စီမံကိန်းနှင့် တနင်္သာရီကမ်းလွန်ဒေသတွင်ဖော်ဆောင်နေသည့် စီမံကိန်းတို့သည် ဓာတ်ငွေ့သိုက်ပမာဏကြီးမားပြီး အလားအလာကောင်းသောစီမံကိန်းများဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံချမ်းသာကြွယ်ဝရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ ကျောက်မျက်ရတနာများ၊ သဘာဝဓာတ်ငွေ့များပေါကြွယ်စွာပေါ်ထွန်းလာခြင်းဖြစ်သည်မှာ စေတနာကောင်းလျှင်ကံကောင်းသည်ဆိုစကားအတိုင်း နိုင်ငံတော်ကို ဦးဆောင်နေသူတို့သည် နိုင်ငံတော်နှင့်ပြည်သူများအပေါ်မေတ္တာ၊ စေတနာပြည့်ဝစွာဖြင့်အုပ်ချုပ်လျက်ရှိခြင်းမှာလည်း ရတနာများပေါ်ထွန်းလာခြင်းအကြောင်းတစ်ရပ်၌ပါဝင်သည်။ တစ်ဖက်တွင်လည်း တပ်မတော်၏စွမ်းဆောင်အောင်မြင်မှုသတင်းများနှင့်အတူ ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာပြန်လည်နေထိုင်လျက်ရှိကြပြီဖြစ်သည်။ မြန်မာနိုင်ငံတော်ကြီးသာယာဝပြောစေရေးအတွက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းကြရမည်ဖြစ်သည်။ "ရတနာအဖြာဖြာကောင်းမြတ်တာတွေ စုဝေးလို့မနေးပြန်ကာတည်"ဟူ၍ပင် ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် **မြန်မာပြည် သာယာသည် တို့နိုင်ငံကြီးချမ်းသာပြီ** ဟု အောင်အတိတ်အောင်နိမိတ်ဖြင့် နှစ်ထောင်းအားရစွာ ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပွင့်ဖြူမြို့နယ်၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ပွင့်ဖြူ ဇွန် ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်ကျေးလက်နေပြည်သူများအတွက် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ရန်နှင့် ရာသီဥတုဂေဟစနစ်များ မျှတကောင်းမွန်စေရန်ရည်ရွယ်၍ ဇွန်လ ၂၀ ရက်တွင် သံကိုင်းကျေးရွာသို့သွားရောက်ပြီး မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်က သံကိုင်းကျေးရွာရှိရပ်မိရပ်ဖများနှင့်ကျေးရွာသူ၊ ကျေးရွာသားများကိုတွေ့ဆုံ၍ မီးခိုးမြူငွေ့အန္တရာယ်နှင့်ပတ်သက်ပြီး တောင်ယာမီး၊ တောမီးရှို့ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပွားစေသဖြင့် ရှူရှိုက်မိသူများအား ကျန်းမာရေးထိခိုက်စေနိုင်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုလျှော့နည်းရေးလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ကျေးရွာသူ၊ကျေးရွာသားများလိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာနေပြည်သူများက ဆွေးနွေးဟောပြောသည့်အကြောင်းအရာများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၂-၆-၂၀၂၆(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြစ်သားမြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီအမီစိုက်ပျိုးနိုင်ရန် လယ်ယာမြေထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်



မြစ်သား ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ တောင်သူများ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီအမီစိုက်ပျိုးနိုင်ရန် လယ်ယာမြေထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြစ်သားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါမိုးစပါးစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးနှင့် သွင်းအားစုများ စနစ်တကျအသုံးပြုနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ စပါးစိုက်ပျိုးမယ့်လယ်ယာမြေတွေကို ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်ပါတယ်။ အဲဒီလိုမြေယာပြုပြင်ရာမှာ ကိုယ်ပိုင်ထွန်စက်နဲ့ ထွန်ယက်ကြသူတွေရှိသလို ငှားရမ်းထွန်ယက်ကြသူတွေလည်းရှိပါတယ်။ တောင်သူတွေက မိုးစပါးကို အဓိကစိုက်ပျိုးကြတဲ့အတွက် ပြည်တွင်းဆန်ဖူလုံဖို့ အထောက်အကူပြုပါတယ်" ဟု မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်ကပြောသည်။

မြစ်သားမြို့နယ်အတွင်းရှိ တောင်သူများသည် စပါးကို အဓိကထားစိုက်ပျိုးကြသည့်အတွက် ပြည်တွင်းစားသုံးမှုဖူလုံရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။ ဒေသခံတောင်သူများအနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် မိုးလေဝသကောင်းမွန်၍ အလေအလွင့်ဆုံးရှုံးမှုနည်းပါက သီးနှံအထွက်နှုန်းကောင်းပါက အကျိုးအမြတ်များရရှိမည်ဖြစ်သည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပေါ်တိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံသာမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက သီးနှံဈေးနှုန်းများတည်ငြိမ်၍ တောင်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

သဲကုန်း ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဇွန်လ ၂၀ ရက်က ကန်တော်မင်္ဂလာရေကန်အတွင်း ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးက သဘာဝဘေးအန္တရာယ်ကျရောက်ပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အသင့်ပြင်ဆင်ထားပြီး စက်ယန္တရားပစ္စည်းများ ချို့ယွင်းမှုမရှိစေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန်၊ ဘေးအန္တရာယ်အမျိုးအစားအလိုက် အရေးပေါ်လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လေ့ကျင့်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေပြင်အသက်ကယ်ဆယ်ရေးနှင့် ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်သရုပ်ပြရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းထိုက် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို ဇွန်လ ၂၀ ရက်က အမှတ်(၁၄) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်မြတ်အေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။ ထို့နောက် စာရေးဆရာမမေ(ရန်ကုန်)က စာဖတ်ကြသည်ဆိုရာဝယ် ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေးဆွေးနွေးဟောပြောသည်။

ယင်းနောက် ဂိမ်းပြိုင်ပွဲများကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက စကားပုံဆက်ဂိမ်းကစားခြင်း၊ ဉာဏ်စမ်းမေးခွန်းများဖြေဆိုခြင်းနှင့် ဘယ်ခြေညာလက်ကစားခြင်းတို့ကို ယှဉ်ပြိုင်ခဲ့ကြပြီး အနိုင်ရရှိသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မြတ်မြတ်အေး(ပြန်/ဆက်)**

# တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၄၀၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၇၀၀၀၀ နီးပါး အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဇွန် ၂၁

ရန်ကုန်စတော့အိတ်ချိန်း၌ ဇွန်လတတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၄၀၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၇၀၀၀၀ နီးပါး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဇွန်လ ၁၅ ရက်မှ ၁၉ ရက်အထိ တစ်ပတ်တာကာလအတွင်း စုစုပေါင်း ငွေကျပ် ၄၆၆၉၈၃၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၉၇၄၈ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၅၅၉၅၂၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၃၈၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၁၇၉၂၂၀၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၀၃၈၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၂၃၉၀၅၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၉၁၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၅၆၉၅၈၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၅၈၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၆၅၆၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၈၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၃၃၀၄၂၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၆၇၈၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၂၆၆၉၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၆၇၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၁၁၄၅၇၈၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၈၈၃၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ရန်ကုန်စတော့အိတ်ချိန်း၌ စတော့ရှယ်ယာကုမ္ပဏီအားလုံး၏ စုစုပေါင်း စတော့ရှယ်ယာရောင်းချနိုင်မှုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

## ကာတွန်း



# ကမ္မဖလ

တင့်တယ်

**ယမန်နေ့မှအဆက်**

ကျွန်ုပ်၏အကြံ ပိရိသည်နှင့်အမျှ မည်သူကမျှပင် ကျွန်ုပ်အား မဲ့တစ်စက်လောက် သံသယမရှိကြဘဲ အဘိုး၏အမွေကို ခံထိုက်သူ ပူတူးနှင့် ဦးသြဘာတို့ မရဏပြည်သို့ မြန်းကြရ၏။ ဘာမျှနားမလည်သေးသော ကလေးလေးနှင့် လောကီရေးရာတွင် ဘာမျှဝင်မစွက်သော ရဟန်းကြီးတစ်ပါးတို့ကို မတရားသေကြောင်းကြံစည်ရခြင်းမှာ စင်စစ်အားဖြင့် သာမန်လူသား၏စိတ်သာဆိုလျှင် လိပ်ပြာတကယ်မသန့်စရာအလုပ်များ ဖြစ်သည်မှန်၏။ သို့သော် ကျွန်ုပ်မှာကား စီမံခေတ်ပီပီ စီမံကိန်းကျကျနနချထား၍ လှလှပပကြီး လက်စားချေနေသူဖြစ်ပေရာ စိတ်တွင် ထိခိုက်ခြင်းမရှိလှ။ အဘိုး၏ ဆယ်သိန်းတန်အမွေအနှစ်ကြီးနှင့် နီးကပ်၍လာလေလေ ကိုယ့်အကြံအစည် အောင်မြင်သည်ကို ကျေနပ်၍နေလေလေသာဖြစ်ခဲ့၏။ တာဝေးအပြေးသမားတစ်ယောက်သည် ပန်းတိုင်နှင့် ခပ်လှမ်းလှမ်း၌ ကိုယ့်အားကိုယ်ထိန်း၍ ခပ်မှန်မှန်ပြေးရာက ပန်းတိုင်နှင့်နီးသောအခါတွင် တအားသွန်၍ ပြေးတတ်သလို ကျွန်ုပ်မှာလည်း ပန်းတိုင်နှင့် နီးကပ်လာပြီဖြစ်သောကြောင့် တအားသွန်၍ပြေးရန် အားယူလျက်ရှိနေ၏။ ကျွန်ုပ်နှင့် ဆယ်သိန်းတန်ပစ္စည်းထုထည်ကြီးတို့ နီးစပ်ရန်မှာ ကြားထဲတွင် ဒေါ်ကျော့ရင်၏သား ပြည်သူ့ရဲဘော် ဗိုလ်ကလေးမောင်သီဟ၊ မောင်ညိမ်းအောင်နှင့် ဦးဒေါနတို့သာ ကျန်ပေတော့သည်။

**"အဘိုး၏ ဆယ်သိန်းတန်အမွေအနှစ်ကြီးနှင့် နီးကပ်၍လာလေလေ ကိုယ့်အကြံအစည်အောင်မြင်သည်ကို ကျေနပ်၍နေလေလေသာဖြစ်ခဲ့၏။ တာဝေးအပြေးသမားတစ်ယောက်သည် ပန်းတိုင်နှင့် ခပ်လှမ်းလှမ်း၌ ကိုယ့်အားကိုယ်ထိန်း၍ ခပ်မှန်မှန်ပြေးရာက ပန်းတိုင်နှင့်နီးသောအခါတွင် တအားသွန်၍ ပြေးတတ်သလို ကျွန်ုပ်မှာလည်း ပန်းတိုင်နှင့်နီးကပ်လာပြီဖြစ်သောကြောင့် တအားသွန်၍ပြေးရန် အားယူလျက်ရှိနေ၏. . ."**

အောင်မြင်မှုသည် နိုင်ချင်ကြက်နှင့် အလွန်တူ၏။ နိုင်စရှိလျှင် နိုင်ချင်ချင်ဖြစ်အောင် အားတက်လာတတ်၏။ ထိုအခါမျိုး၌ ကံကလည်း မီးလောင်ရာလေပင့် လုပ်တတ်၏။ ထို့ကြောင့်ပင် ကျွန်ုပ်တွင် ဒေါ်ကျော့ရင်၏သား မောင်သီဟကို လက်စတုံးကြံစည်ရန် အခွင့်အလမ်းတစ်မျိုးတစ်ဖုံ ပေါ်၍လာသည်ကို တွေ့ရပြန်လေတော့သည်။ ထိုအခွင့်အလမ်းကား တခြားမဟုတ်။

မန္တလေးမှဦးဒေါနနှင့်မောင်ညိမ်းအောင်တို့ပြန်၍ရောက်ကြပြီးနောက် မကြာမီပင် အမှီ၊ ဦးဒေါနနှင့် မောင်ညိမ်းအောင်တို့ ဇနီးမောင်နှံသည် တနင်္သာရီဘက်သို့ စိတ်လက်မချမ်းမသာနှင့် ပြန်၍သွားကြ၏။ ဦးဒေါနနှင့် ရန်ကုန်သို့လိုက်လာခြင်းမှာ ကျွန်ုပ် ပြုစုပျိုးထောင်နေသောအလုပ်ကို ကိုယ်တိုင်စစ်ဆေးအကဲခတ်ရန် လာခြင်းဖြစ်လျက် မောင်ညိမ်းအောင်တို့မှာမူ ကလေး၏ရောဂါကို ကုသရန်လာကြသည်ဖြစ်ပေရာ ကျွန်ုပ်၏အလုပ်ကို ဦးဒေါနကလည်း ကျေနပ်လောက်အောင် စစ်ဆေးဝေဖန်ပြီးလျက် မောင်ညိမ်းအောင်တို့မှာလည်း ကလေးဆုံးပြီဖြစ်သောကြောင့် လုပ်ငန်းကြီးများကို လက်ခွဲနှင့် ပစ်ထားခဲ့ရသော တနင်္သာရီဘက်သို့ မပြန်လျှင် မဖြစ်ကြတော့ပေ။

ကျွန်ုပ်ကား အကြံနှစ်ချက် ဒက်ခနဲ အောင်သဖြင့် ကျေနပ်မိ၏။ ဦးသြဘာနှင့် ပူတူးတို့သည် သူတို့အသက်ကိုသူတို့ ကျွန်ုပ်လက်တွင်းသို့ ပေးအပ်ရန် ရန်ကုန်သို့ ရောက်လာကြသည့်ပမာဖြစ်နေ၏။ သို့သော် အမှီနှင့် တစ်ကြိမ်တစ်ဖန် ခွဲခွာရဦးမည်ကိုကား ကျွန်ုပ် ကြိတ်မနိုင်ခဲမရ ဖြစ်မိ၏။ သို့သော် ရှိစေ ကြိုးရှည်နှင့် လှန်လိုက်ဦးမည်။

သို့နှင့် ရက်တွေကုန်ခဲ့ပြန်ရာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက်တွင် လွတ်လပ်ရေးရခါစ နိုင်ငံတိုင်း ခံရလေ့ရှိသော နိုင်ငံရေးဝက်သက်ရောဂါသည် မြန်မာနိုင်ငံကို ဖမ်းစားစပြုလာ၏။ ထိုနိုင်ငံရေးဝက်သက်မှာကား အင်္ဂလိပ်မြန်မာ စာချုပ်ကို မကျေနပ်ဟု အကြောင်းပြကာ ၁၉၄၈ ခုနှစ် မတ်လလောက်တွင် ကွန်မြူနစ်ဂိုဏ်းဝင်တို့သည် ပဲခူးနယ်မှစ၍ တောခိုကာ ဆူပူသောင်းကျန်းစပြုလာကြ၏။ ကွန်မြူနစ်တို့ကို စိတ်လိုသော ပြည်သူ့ရဲဘော်တပ်ထဲမှ လူငယ်တချို့သည်လည်း တပ်မှ လက်နက်နှင့် ထွက်ပြေးကာ ကွန်မြူနစ်တို့နှင့် ပူးပေါင်းတောခိုကြ၏။ သို့ရှိရာတွင် ကျွန်ုပ်လည်း သတင်းကောင်းကို စုံစမ်းနေရာ "ဝါနယ်မှ ဗိုလ်သီဟ တောခိုခြင်း"ဟူသော သတင်းကောင်းကို ရခဲ့ပြန်၏။ ထိုသတင်းကိုရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်လည်း ပဲခူးသို့ ဆန်စပါးကိစ္စများကိုအကြောင်းပြကာ ခေတ္တလိုက်သွား၏။ ပဲခူးသို့ရောက်သောအခါ ဗိုလ်သီဟ အမည်ခံ မောင်သီဟ၏အကြောင်းကို ငွေကုန်ကြေးကျခံကာ စုံစမ်းရသည်၌ မောင်သီဟသည် ရုပ်ဖျက်၍ ပဲခူး၊ ညောင်လေးပင် စသော မြို့များတွင် တက်ရောက်ကျက်စားတတ်သည့်သတင်းကို ရပြန်၏။ နောက်ဆုံးတွင် ငွေကုန်ကြေးကျခံနိုင်သဖြင့် ကျွန်ုပ်နှင့် မောင်သီဟတို့သည် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မိကြသော အခြေသို့ ရောက်လာ၏။

ထိုအခါတွင် ကျွန်ုပ်က မောင်သီဟထံသို့ ကျွန်ုပ်သည် ကွန်မြူနစ်ဝါဒကို ကြည်ညိုသောသူတစ်ဦးဖြစ်သဖြင့် မောင်သီဟ၏လုပ်ငန်းတွင် ငွေကြေးအလုံးအခဲ ထောက်ပံ့လိုကြောင်း စကားရိပ်ပို့လိုက်၏။ ကျွန်ုပ်ဆင်ထားသော ထောင်ချောက်ကို မမြင်သူ မောင်သီဟသည် ငွေကို မက်ကာ ကျွန်ုပ် အကူအညီပေးမည်ဆိုသည်ကို အကြီးအကျယ် ကျေးဇူးတင်လေရှာသေးသည်။ တစ်လခန့် သူနှင့် အဆက်အသွယ်လုပ်ပြီးသည့်နောက်တွင် မောင်သီဟအား (ငွေတစ်သောင်း လာ၍ယူလှည့်ပါ ...၊ တခြားလူကိုမယုံရလျှင် မောင်သီဟကိုယ်တိုင်လာယူပါ) ဟု သတင်းပို့လိုက်၏။ (မောင်သီဟကိုယ်တိုင်လာမှဖြစ်မည်) ဟုသာ ကျွန်ုပ်က တိုက်တိုက်တွန်းတွန်း ဆိုလိုက်ပါက မောင်သီဟတွန့်ချင်လျှင် တွန့်သွားပေမည်။ သူ့စိတ်၌ သူ့တပည့်များကို ငွေတစ်သောင်းအယူခိုင်းရန် မယုံကြည်အောင် သံသယစိတ်ကလေးကို ဆွပေးလိုက်သည်၌ ကျွန်ုပ်ပေးထားသော နပ်ကြောင်းအတိုင်းပင် မောင်သီဟဝင်၍ ချိုးရှာလေတော့သည်။

ပဲခူး-ညောင်လေးပင် မြို့များပေါ်သို့ ရုပ်ဖျက်၍လာကာ ကျက်စားလေ့ရှိသော မောင်သီဟသည် မျှားမကြာမီပင် ချိန်းချက်ထား၍ ကျွန်ုပ်ရှိရာ ပဲခူးသို့ တက်လာ၏။ ကျွန်ုပ်နှင့်တွေ့ပြီးနောက် တစ်ဆယ်တန်ငွေစက္ကူတစ်ချပ်စီ ထိပ်ကပိတ်ထားသော သတင်းစာစက္ကူအထပ်လိုက် ထပ်ထားသည်တို့ကို မောင်သီဟ ကျွန်ုပ်ထံမှ လွယ်အိတ်နှင့်ယူ၍အပြန်တွင် ကျွန်ုပ်အား ဦးများပင်ချ၍သွားလေသေးသည်။ ကျွန်ုပ်ကလည်း "ကျန်းမာချမ်းသာပါစေ" ဟု ဆုပေးသည့်အပြင် "ဥပဒ္ဒေဝကင်းကင်းလွတ်ပါစေကွယ်"ဟု မေတ္တာတုံးကြီးကြီးနှင့်ဟီးတိုက်၍ ဆုတောင်းလိုက်ရပေသေးသည်။ ကျွန်ုပ်ထံမှ အပြန် ဘတ်စကားဂိတ်သို့ ရောက်သောအခါ ပဲခူးစစ်ရဲတို့က မောင်သီဟကိုဖမ်း၏။ မောင်သီဟက အဖမ်းမခံဘဲ ပြန်လှန်ကာ ခုခံလေရာ စစ်ရဲတို့၏သေနတ်ဝတွင် မောင်သီဟဘဝကူး၍ သွားရှာပေသည်။

စစ်ရဲဗိုလ်မှူးကလေးသည် ကျွန်ုပ်ထံ ပြေး၍ဝမ်းနည်းစကားပြောရှာ၏။ "ဦးရဲ့တူက သေနတ်နဲ့ ခုခံတော့ ကျွန်တော့်လူတွေကလည်း ကာကွယ်တဲ့အနေနဲ့ ပစ်ကြရတော့တာပဲဦးရယ်"ဟု စိတ်မကောင်းသောမျက်နှာဖြင့်ပြောသည်ကို ကျွန်ုပ်လည်း မျက်နှာအိုကြီးနှင့် "အေးလေ ...၊ ကုသိုလ်ပေါ့ခင်ဗျာ ကုသိုလ်ပေါ့" ဟု ခပ်တည်တည်ညည်းလိုက်၏။ (ကျွန်ုပ်၏တူ မောင်သီဟ ကွန်မြူနစ်ဘဝနှင့် တောခိုနေရာက ကျွန်ုပ်ထံသို့ လာ၍ ငွေတောင်းပါလိမ့်မည်။ စစ်ရဲများက ဖမ်းဆီး၍ ထောင်ချထားပေးပါ။ ထောင်ကျချင်ကျနေပါစေ၊ အပြင်ဘက်တွင် တောခို၍ လက်နက်သင့်ကာ သေမည်ကိုစိုးပါသည်) ဟူသော အချက်ဖြင့် စစ်ရဲကို တစ်ဖက်ကလှည့်၍ လက်တို့ထားလိုက်သော ကျွန်ုပ်၏အကြံကား ပိပိရိရိအောင်မြင်ပေပြီ။ မောင်သီဟကို ဟန်ဆောင်ပေးရန် သတင်းစာစက္ကူအထပ်များကို ငွေစက္ကူအရွယ်ဖြတ်၍ ထိပ်ကအုပ်ပေးလိုက်သော တစ်ဆယ်တန်ငွေစက္ကူလေးရွက်ကိုပင် ကျွန်ုပ်ပြန်၍ ရသေး၏။ တစ်မီးငြိမ်းပြန်လေပြီ။ မောင်သီဟကား သောကြာသားဖြစ်၏။

ဆယ်သိန်းတန် အမွေအနှစ်နှင့် ကျွန်ုပ်၏ အကြားဝယ် ရန်သူဦးဒေါနနှင့် မောင်ညိမ်းအောင်တို့သာ ကျန်လေတော့သည် တကား။

■ ■ ■ ■ ■

ဆက်လက်ဖော်ပြပါမည်။

## ကျောက်ဆည်မြို့နယ်၌ အိမ်တွင်းလျှပ်စစ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်း ကာလတိုသင်တန်းဆင်း

ကျောက်ဆည် ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အရှေ့ငယ်တိုးစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)မှ ဖွင့်လှစ်ခဲ့သော အိမ်တွင်းလျှပ်စစ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်း ကာလတိုသင်တန်းဆင်းပွဲအခမ်းအနားကို ဇွန်လ ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးထွန်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)မှ ကျောင်းအုပ်ကြီး ဒေါက်တာဇာနည်ထွန်းနှင့် တာဝန်ရှိသူများက သင်တန်းသား ၂၅ ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကူးကြသည်။

အိမ်တွင်းလျှပ်စစ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ မိသားစုအပိုဝင်ငွေတိုးပွားရှာဖွေနိုင်ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ များစွာအထောက်အကူရရှိနိုင်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

## မြစ်သားမြို့နယ်၌ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြော

မြစ်သား ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၀ ရက်က ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မူးယစ်ဆေးဝါးဆောင်ပုဒ်များ၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်ပေါ်နိုင်သော စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများနှင့် ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ကျီတော်ကုန်း အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းအောင်က မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆေးလိပ်၊ ကွမ်းတို့၏ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်နှိမ်နင်းခြင်း အကြောင်းအရာများကို အကျယ်တဝင့်ဟောပြောသည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ





**ရန်ကုန် ဇွန် ၂၁**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ၌ ယနေ့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်နှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် မဟော်ဂနီပင်အား စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက မန်ကျည်းရှား၊ ပျဉ်းကတိုး၊ ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ ပျဉ်းမ၊ ပိတောက်၊ ကံ့ကော်စသည့် ပျိုးပင်ပေါင်း ၁၅၀၀ စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပိန္နဲစိုက်ခင်း၊ ငရုတ်စိုက်ခင်း၊ ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးခဲ့သော မိုးရာသီစိုက်ခင်း၊ ကော်ဖီစိုက်ခင်း၊ မှိုစိုက်ခင်းတို့နှင့် ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးခဲ့သော မန်ကျည်းရှားစိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

# ကရင်ပြည်နယ် စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း RCC နှစ်ထပ်အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ဘားအံ ဇွန် ၂၁**

ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း RCC နှစ်ထပ်အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ဘားအံမြို့ အမှတ်(၅) ရပ်ကွက် သဇင်လမ်းရှိ အဆိုပါအဆောက်အအုံတည်ဆောက်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က သတ်မှတ်နေရာများတွင်ရတနာပန္နက်များကို စိုက်ထူပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားတွင် ပါဝင်အားဖြည့်ကူညီပေးကြသော အဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဘားအံမြို့ အမှတ်(၅) ရပ်ကွက်၌ 60 KW AC.DC Charger လေးလုံးနှင့် 400 Kva ထရန်စဖော်မာ တစ်လုံးတပ်ဆင်၍ EV Charging Station Level 3 တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



**▼ ဖားကန့်မှအဆက်**

ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်ရှိ မော်ဝမ်းချောင်းအတွင်း တောင်ကျချောင်းရေစီးဆင်းကျရောက်မှုကြောင့် ရပ်ကွက်အတွင်းသို့ ချောင်းရေများလျှံကျကာ မော်ဝမ်းရပ်ကွက် အပိုင်း(၄)နှင့် (၅)တို့တွင် တစ်ပေခန့်၊ ရပ်ကွက်အပိုင်း(၆)တွင် နှစ်ပေခွဲခန့် ရေဝင်ရောက်လျက်ရှိပြီး ငှက်ပျောတောရပ်ကွက်တွင် ချောင်းရေသုံးပေခန့်၊ မရိုကထောင်ရပ်ကွက်တွင် ချောင်းရေသုံးပေခန့်နှင့် အေးမြသာယာရပ်ကွက်တွင် ချောင်းရေနှစ်ပေခန့် ဝင်ရောက်လျက်ရှိသည်။

ထိုသို့ မိုးများအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် လုံးခင်ကျေးရွာအုပ်စု ကံဆီးကျေးရွာအနီး ဥရုချောင်းရေမှတ်တိုင်၏ စိုးရိမ်ရေအမှတ် နှစ်ပေခန့်သတ်မှတ်ထားသော်လည်း ဥရုချောင်းရေဝင်ရောက်မှုရေအမှတ်မှာ သုံးပေခန့်သာရှိသည်။

အဆိုပါ ချောင်းရေဝင်ရောက်မှု အခြေအနေအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်နှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ရေဝင်ရောက်နေသည့်နေအိမ်များရှိပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန်အတွက် လှေငယ်များကြိုတင်စီစဉ်ထားရှိပြီး ချောင်းရေဆက်လက်မြင့်တက်လာပါက မြေနိမ့်ပိုင်းရှိပြည်သူများအား မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်းကာ ကြိုတင်အသိပေးဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဥရုချောင်းရေမြင့်တက်မှုကြောင့် လူနှင့်တိရစ္ဆာန်များထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**● ရွှေဖုံးမှအဆက်**

အဖွင့်အမှာစကားပြောကြားကြပြီး ယောဂနည်းပြဆရာမ Dr. Ankita Sood က စုပေါင်းယောဂလေ့ကျင့်ခန်းများကို သရုပ်ပြသပေးရာ တက်ရောက်လာကြသူများက ပါဝင်လေ့ကျင့်ခဲ့ကြသည်။

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာယောဂနေ့ဆောင်ပုဒ်မှာ "Yoga for Healthy Aging" (ကျန်းမာကြံ့ခိုင်စွာဖြင့် နေထိုင်ဖို့ ယောဂကစားကြပါစို့) ဖြစ်ကြောင်းနှင့် ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာယောဂနေ့အခမ်းအနားသို့ စိတ်ပါဝင်စားသူ ၅၀၀ ဦးကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

လင်းခန့်


## “ရည်တူမျှော်ဆောင် နှစ်ပြည်ထောင်အကျိုး”

❖ အိမ်နီးနားချင်း၊ ချစ်ကြည်ခြင်းကို
ရင်းရင်းနှီးနှီး ပြခဲ့ပြီ။
❖ ပေါက်ဖော်ဆွေမျိုး၊ နှစ်ပြည်အကျိုးကို
သယ်ပိုးဆောင်ရွက် နိုင်ခဲ့ပြီ။
❖ အေးအတူ ပူအမျှ
အတူတကွ ရပ်တည်
ခိုင်ကျည် စိတ်ထား၊ မကွဲပြားဘဲ
မိသားစုစိတ်၊ မိတ်ဆွေစိတ်ဖြင့်
ပုံရိပ်စုံစွာ၊ မင်္ဂလာတို့
နှစ်ဖြာအကျိုး၊ ဂုဏ်ရှိန်တိုးအောင်
ဆတိုးမြှင့်တင် နိုင်စေသော်ဝ်။
ရွှေလမ်း ငွေလမ်း သာစေသော်ဝ်။
ဆွေမျိုးပေါက်ဖော် အကြည်တော်။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(နိုင်ငံတော်သမ္မတကြီး၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်ကို ကြိုဆိုဂုဏ်ပြုလျက် . . .)

## မိုးလေဝသ သတင်း



# စဉ့်ကိုင်မြို့နယ် တောင်ဦးကျေးရွာ၌ အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကျင်းပ

စဉ့်ကိုင် ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်သော အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ဇွန်လ ၂၀ ရက်က စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာအုပ်စု တောင်ဦးကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က ထူးချွန်သင်တန်းသူများအား သုံးစွဲခွင့်ပြုမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းမှထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများကိုလည်းကောင်း အသီးသီးပေးအပ်ကြရာ သင်တန်းသူများက လက်ခံရယူပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)



# တာမွေမြို့နယ်၌ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါအကြောင်း အသိပညာပေး

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုနှင့် တာမွေမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၀ ရက်က အဆိုပါမူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို ဥက္ကဋ္ဌ ဦးစံရှိန်က အသိပညာပေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာမွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီသီခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားရသည့်အကြောင်းရင်းများ၊ ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်နည်းများ၊ ရောဂါဖြစ်ပွားပါက ကုသနည်းများ၊ လက်ကို စနစ်တကျစင်ကြယ်အောင် ဆေးကြောနည်းအပါအဝင် ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်နည်းများကို အကျယ်တဝင့် အသိပညာပေးရှင်းလင်းဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို အတွင်းရေးမှူး ဒေါ်ခင်ခင်ဝင်းက အသိပညာပေးဟောပြောဆွေးနွေးပေးခဲ့သည့် သက်ဆိုင်ရာတာဝန်ရှိသူများအား ဂါရဝပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ တာဝန်ရှိသူများနှင့် မူးယစ်ဆေးဖြတ်သင်တန်းသားများ၊ တာမွေမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီသီခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

ထက်တံခွန်(ပြန်/ဆက်)

# ဒေးဒရဲမြို့နယ် တော်ပေါင်စိန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

ဒေးဒရဲ ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတများ တိုးပွားစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၀ ရက်က တော်ပေါင်စိန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က အခြေခံပညာကျောင်းများအရောက်ကွင်းဆင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး လူငယ်နှင့်အနာဂတ်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဟောပြောပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

အေဇာလင်း

# မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေး

ပြည် ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးနေမှုကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်မြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး ခြောက်ထပ်ဆေးကုသဆောင်၌ ခွဲစိတ်ကုသမှုခံယူကြသည့် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေးနှုတ်ဆက်အားပေးစကားပြောကြားပြီး အာဟာရမုန့်နှင့် ကြက်ဥများ၊ ချီးမြှင့်ငွေများကိုပေးအပ်ကာ ခွဲစိတ်ကုသမှုပြုလုပ်ပေးသည့် ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ခွဲစိတ်ကုသမှုများပြုလုပ်ပေးရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့်ပြုပြင်မှုဆိုင်ရာခွဲစိတ်ကုသဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာလှမျိုးနိုင် ဦးဆောင်၍ မျက်နှာ၊ မေးရိုး၊ ခံတွင်းခွဲစိတ်ဌာနမှ ဆေးလက်တွေ့ပါရဂူဘွဲ့လွန်သင်တန်းသားများ ပါဝင်သောအဖွဲ့က ဇွန်လ ၂၀ ရက်မှ ၂၁ ရက်အထိ မွေးရာပါနှုတ်ခမ်းကွဲလူနာ ၁၅ ဦးနှင့် အာခေါင်ကွဲလူနာ ၁၁ ဦး စုစုပေါင်းလူနာ ၂၆ ဦးတို့အား ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား



# ပဲခူးမြို့၌ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေး လူငယ်စကားဝိုင်းဆွေးနွေး



ပဲခူး ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇွန်လ ၂၁ ရက်တွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ တိုင်းဒေသကြီးလူငယ်စင်တာ၌ ကျင်းပသည်။

ရှေးဦးစွာ လူငယ်မောင်မယ်များက မူးယစ်ဆေးဝါးအန္တရာယ်ပညာပေး အလင်းတစ်စက် တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီးနောက် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစည်သူထွန်းက အဖွင့်အမှာစကားနှင့် လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ အမျိုးသားစာပေဆုရ စာရေးဆရာမ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင် - ပဲခူး)က လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အမှတ် (၃၆) မူးယစ်တပ်ဖွဲ့စု ရဲအုပ်ကျော်မြင့်ထွန်းက မူးယစ်ဆေးဝါးများ၏ ဘေးအန္တရာယ်ဆိုးကျိုးများအကြောင်းခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ယင်းနောက် လူငယ်စကားဝိုင်းကို ကျင်းပရာ လူငယ်မောင်မယ်များက လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေးခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးကြပြီး ပဲခူးတိုင်းဒေသကြီး အမှတ် (၃၆)မူးယစ်တပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ရဲမှူးသက်မောင်က အနှစ်ချုပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၁၀)

# လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၅၇ / ၂၀၂၆**
၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်)
**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသိန်းဇော်မြင့်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးကြီးရန်ကြီးအောင်အား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- | --- |
| (က) | ဦးဝင်းနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်<br>ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများ<br>ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>တိုင်းရင်းသားလူမျိုးများ<br>ရေးရာဝန်ကြီးဌာန |
| (ခ) | ဦးဇော်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>တိုင်းရင်းသားလူမျိုးများ<br>ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်<br>ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများ<br>ရေးရာဝန်ကြီးဌာန |
| (ဂ) | ပါမောက္ခ ဒေါက်တာရဲမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာဆွေဆက်<br>ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာ<br>တက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
| --- | --- | --- |
| (က) | ဦးအောင်မျိုး | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေး<br>ဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဦးသန့်ဇင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့်<br>တစ်သက်တာ<br>ပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- | --- |
| (က) | ဦးစိန်လှိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးနှင့်အုပ်ချုပ်ရေး<br>ဆိုင်ရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးနှင့်အုပ်ချုပ်ရေး<br>ဆိုင်ရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (ခ) | ဒေါက်တာသွယ်လင်းကို<br>ဒုတိယပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာအိအိဟန်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ဝမ်းတွင်းမြို့နယ်၌ သမဝါယမအသင်းသားများ စိုက်ပျိုးထားရှိသည့် နှမ်းစပါးစိုက်ခင်းများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



ဝမ်းတွင်း ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အင်းခမ်းကြီးကျေးရွာ၌ သမဝါယမအသင်းသားများစိုက်ပျိုးထားရှိသည့် နှမ်းစပါးစိုက်ခင်းများအား ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ဝမ်းတွင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးနှင့် တာဝန်ရှိသူများက အင်းခမ်းကြီးကျေးရွာ၊ အင်းခမ်းကြီးလယ်ယာနှင့် အထွေထွေသမဝါယမအသင်းသားများ စိုက်ပျိုးထားသော နှမ်းစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ၎င်းအင်းခမ်းကြီးလယ်ယာနှင့် အထွေထွေသမဝါယမအသင်းသားများစိုက်ပျိုးထားသော နှမ်းစပါးစိုက်ခင်း ဧက ၃၀၀ ရှိပြီး တစ်ဧကလျှင် နှမ်းစပါးတင်း ၈၀ မှ ၁၀၀ ကြား ထွက်ရှိကြောင်း သိရသည်။

(၄၀၂)

## မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်မည့် သစ်လွင်သူနာပြုများအား ကြိုဆိုပွဲကျင်းပ

မြဝတီ ဇွန် ၂၁

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်မည့် တာဝန်ကျ သစ်လွင်သူနာပြု ဆရာမ ၅၃ ဦးအား ကြိုဆိုတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ် (၄) ရပ်ကွက် ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာဇင်မြင့်ဦးက ဖြည့်စွက်အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး



သစ်လွင်သူနာပြုဆရာမ ၅၃ ဦးမှ တစ်ဦးချင်းမိတ်ဆက်ပြီး တင်ပြလိုသည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက သစ်လွင်သူနာပြုများအားထားရှိမည့် အဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(၄၀၆)

# သံလွင်ဆီ၏ကျန်းမာရေးအကြောင်း သိကောင်းစရာ

ဒေါက်တာအောင်ညွန့်ပိုင်

ယနေ့ခေတ်တွင် မိမိတို့၏ကျန်းမာရေးနှင့် လူနေမှုဘဝမြှင့်တင်နိုင်ရန် သဘာဝအခြေခံအစားအသောက်များကို ပိုမိုရွေးချယ်စားသုံးလာကြသည်။ ထိုသို့သော သဘာဝအားဖြည့်ပစ္စည်းများအနက် ကမ္ဘာပေါ်၌ ကျန်းမာစေသောဆီအဖြစ် ဆေးပညာရှင်များအသိအမှတ်ပြုထားသည့် သံလွင်ဆီ (Olive Oil) သည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ သံလွင်ဆီကို ဟင်းလျာများတွင် ထည့်သွင်းချက်ပြုတ်စားသုံးရုံသာမက နာတာရှည်ရောဂါဝေဒနာရှင်များအတွက် ဆေးဖက်ဝင်အဖြစ်လည်းကောင်း၊ အသားအရေနှင့် ဆံကေသာထိန်းသိမ်းရေးအတွက် သဘာဝအလှအပပစ္စည်းအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။



**သံလွင်ဆီအမျိုးအစားများ**

သံလွင်ဆီကို သံလွင်သီးမှ ညှစ်ယူရပြီး ကမ္ဘာပေါ်၌ ကျန်းမာစေသောဆီအဖြစ် သတ်မှတ်ထားကြသည်။ ဈေးကွက်ထဲတွင် ဆီအမျိုးအစားစုံလင်စွာရှိသော်လည်း ကျန်းမာရေးအတွက် ရွေးချယ်ရာတွင် ယင်းတို့၏ကွာခြားချက်ကို သိရှိရန်လိုအပ်သည်။

Extra Virgin Olive Oil (EVOO)က သံလွင်သီးကို ပထမဆုံးအကြိမ် အအေးခံစနစ်ဖြင့်ညှစ်ထားသောဆီဖြစ်သည်။ အာဟာရဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းမြင့်မားစွာပါဝင်သည်။

Virgin Olive Oil က EVOO ထက် အနည်းငယ်နိမ့်သော်လည်း ဓာတုပစ္စည်းမပါဘဲ သဘာဝအတိုင်းညှစ်ထားသောဆီဖြစ်သည်။

Refined/Pure Olive Oil က အပူပေးစနစ် သို့မဟုတ် ဓာတုဗေဒနည်းဖြင့် သန့်စင်ထားသဖြင့် အာဟာရဓာတ်လျော့နည်းသော်လည်း အပူဒဏ်ကို ပိုမိုခံနိုင်သည်။

**နှလုံးနှင့်သွေးကြောကျန်းမာရေးအတွက် သံလွင်ဆီ၏စွမ်းပကား**

ကမ္ဘာပေါ်၌ သေဆုံးမှုအများဆုံးဖြစ်စေသည့် နှလုံးရောဂါကိုကာကွယ်ရာတွင် သံလွင်ဆီသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ မြေထဲပင်လယ်ဒေသအစားအစာစားသုံးသူများတွင် နှလုံးရောဂါဖြစ်ပွားမှုနည်းပါးခြင်းမှာ သံလွင်ဆီကြောင့်ဖြစ်သည်။ သံလွင်ဆီတွင်ပါဝင်သော မပြည့်ဝဆီက သွေးကြောပိတ်စေသည့် မကောင်းသော ကိုလက်စထရော (LDL) များကို လျှော့ချပေးသည်။ ထို့ပြင် သွေးကြောနံရံများကို ပျော့ပျောင်းစေပြီး သွေးလည်ပတ်မှုကို ချောမွေ့စေသည်။

သွေးတိုးနှင့် နှလုံးရောဂါအခံရှိသူများသည် နေ့စဉ်နံနက်အိပ်ရာထချိန် အစာမစားမီ သံလွင်ဆီစစ်စစ်ကို ထမင်းစားဇွန်း တစ်ဇွန်းမှနှစ်ဇွန်း ပုံမှန်သောက်သုံးပေးခြင်းဖြင့် သွေးပေါင်ချိန်ကို တည်ငြိမ်စေနိုင်သည်။

**နာတာရှည်ရောင်ရမ်းမှုကို လျှော့ချပေးခြင်းနှင့် ကင်ဆာရောဂါကာကွယ်ခြင်း**

ခန္ဓာကိုယ်အတွင်း နာတာရှည်ရောင်ရမ်းခြင်းသည် ကင်ဆာ၊ ဆီးချိုနှင့် အယ်လ်ဇိုင်းမားရောဂါများဆီသို့ ဦးတည်စေသည်။ သံလွင်ဆီတွင်ပါဝင်သော Oleocanthal ဓာတ်ပေါင်းသည် Ibuprofen အကိုက်အခဲပျောက်ဆေးကဲ့သို့ ရောင်ရမ်းမှုကိုလျှော့ကျစေသည့် အာနိသင်ရှိသည်။ ထို့ပြင် Antioxidants များစွာပါဝင်သဖြင့် ကင်ဆာဆဲလ်များဖြစ်ပေါ်စေသည့် Free Radicals များကို တိုက်ဖျက်ပေးကာ ဦးနှောက်ဆဲလ်များပျက်စီးမှုကိုပါ တားဆီးပေးသည်။

ဂေါက်ရောဂါနှင့် လေးဖက်နာကဲ့သို့သော အဆစ်အမျက်ကိုက်ခဲသူများအနေဖြင့် နေ့စဉ်ချက်ပြုတ်သော ဟင်းလျာများတွင် ပုံမှန်ဆီအစား သံလွင်ဆီကို ပြောင်းလဲအသုံးပြုပါက ကိုက်ခဲရောင်ရမ်းမှုများကို သက်သာစေသည်။

**ဆီးချိုရောဂါကာကွယ်ခြင်းနှင့် ကိုယ်အလေးချိန်ထိန်းခြင်း**

ဆီကြော်စာများနှင့် အဆီများသောအစားအစာများသည် ဆီးချိုနှင့် ကိုယ်အလေးချိန်တက်ခြင်းကို ဖြစ်စေသော်လည်း သံလွင်ဆီမှာမူ ဆန့်ကျင်ဘက်အကျိုးကျေးဇူးကိုပေးသည်။ သံလွင်ဆီသည် အင်ဆူလင်ဟော်မုန်းတုံ့ပြန်မှုကို ကောင်းမွန်စေပြီး သွေးတွင်းသကြားဓာတ်ကို ရုတ်တရက်တက်မသွားအောင် ထိန်းပေးသည်။ ထို့ကြောင့် အမျိုးအစား-၂ ဆီးချိုရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော ဆီဖြစ်သည့်အတွက် ပုံမှန်စားသုံးရုံဖြင့် ကိုယ်အလေးချိန်တက်ခြင်းကို မဖြစ်စေဘဲ ဗိုက်ပြည့်လွယ်စေကာ အဝလွန်ခြင်းကို တားဆီးပေးသည်။

ဆီးချိုရောဂါဝေဒနာရှင်များနှင့် ကိုယ်အလေးချိန်ထိန်းလိုသူများအနေဖြင့် ကစီဓာတ် (ဥပမာ – ထမင်း၊ မုန့်) မစားမီ ဟင်းသီးဟင်းရွက်သုပ်များတွင် သံလွင်ဆီဆမ်း၍ စားသုံးပေးသင့်သည်။ သံလွင်ဆီတွင် ဗီတာမင်– E အမြောက်အမြားပါဝင်သဖြင့် အရေပြားကိုစိုစွတ်စေပြီး ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးသည်။

**အရေပြားခြောက်သွေ့ခြင်းကိုကာကွယ်ရန်**

အသားအရေခြောက်သွေ့တတ်သူများသည် ရေချိုးပြီးခါစ ခန္ဓာကိုယ်တွင် ရေစိုစွတ်မှုကျန်ရှိနေသေးသည့်အချိန်၌ သံလွင်ဆီအနည်းငယ်ကို လိမ်းကျံပေးခြင်းဖြင့် အရေပြားအတွင်းပိုင်းအထိ အစိုဓာတ်ကို ကြာရှည်ထိန်းပေးနိုင်သည်။

**မိတ်ကပ်ဖျက်ဆေးအဖြစ်အသုံးပြုခြင်း**

ဓာတုပစ္စည်းများပါသော မိတ်ကပ်ဖျက်ဆေးများအစား သန့်စင်သောဂွမ်းစတွင် သံလွင်ဆီအနည်းငယ်ဆွတ်၍ မိတ်ကပ်များကို သန့်စင်ပေးနိုင်သည်။ ရေစိုခံမိတ်ကပ်များကိုပါ လွယ်ကူစွာဖယ်ရှားနိုင်ပြီး အရေပြားကို နူးညံ့စေသည်။

**အိုမင်းရင့်ရော်မှုလျှော့ချခြင်း**

ညအိပ်ခါနီးအချိန်တွင် မျက်လုံးဘေးနှင့် ပါးစပ်ဘေးရှိ အရေးအကြောင်းဖြစ်လွယ်သောနေရာများကို သံလွင်ဆီဖြင့် အသာအယာနှိပ်နယ်ပေးခြင်းဖြင့် အရေပြားလျော့တွဲခြင်းနှင့် အရေးအကြောင်းဖြစ်ခြင်းတို့ကို လျှော့ချပေးနိုင်သည်။

**ဆံကေသာကျန်းမာရေးအတွက် သဘာဝပေါင်းတင်ဆေး**

ဆံပင်ကျွတ်ခြင်း၊ ဗောက်ထခြင်းနှင့် ဆံသားဖွာခြင်းတို့အတွက် သံလွင်ဆီသည် ကုန်ကျစရိတ်သက်သာပြီး စိတ်ချရသော သဘာဝအာဟာရဆီတစ်မျိုးဖြစ်သည်။

**ဆံသားနူးညံ့ပျော့ပျောင်းစေခြင်း**

သံလွင်ဆီကို ခပ်နွေးနွေးဖြစ်အောင်ပြုလုပ်၍ ဆံပင်အရင်းမှ အဖျားအထိ အနှံ့အပြားလိမ်းကျံကာ ၁၅ မိနစ်ခန့် နှိပ်နယ်ပေးရမည်။ ထို့နောက် တစ်နာရီခန့်အကြာတွင် ခေါင်းလျှော်ရည်ဖြင့် စင်ကြယ်အောင်ဆေးကြောပေးပါက ဆံသားများကို ပျော့ပျောင်းစေသည်။ ခေါင်းလျှော်ပြီးစအချိန်တွင် ဆံပင်အဖျားပိုင်းကို သံလွင်ဆီအနည်းငယ်လိမ်းပေးပါက ဆံပင်နှစ်ခွဖြစ်ခြင်းနှင့် ဆံပင်ဖွာခြင်းတို့ကို သက်သာစေသည်။

**ဗောက်ပျောက်ကင်းစေခြင်း**

ဦးရေပြားခြောက်သွေ့ပြီး ဗောက်ထခြင်းများအတွက် သံလွင်ဆီကို ဦးရေပြားပေါ်လိမ်း၍ နှိပ်နယ်ပေးခြင်းဖြင့် ဦးရေပြားစိုစွတ်စေကာ ဗောက်ထခြင်းကို ကာကွယ်ပေးသည်။

**အချက်အပြုတ်နှင့် အသုံးပြုရာတွင် သတိပြုရမည့် အချက်များ**

သံလွင်ဆီသည် ကျန်းမာရေးနှင့်ညီညွတ်သော်လည်း အသုံးပြုပုံမှားယွင်းပါက အာဟာရဓာတ်များ ပျက်စီးသွားနိုင်သည်။ EVOO ကို ဟင်းသီးဟင်းရွက်သုပ်များတွင် ဆမ်းစားခြင်း သို့မဟုတ် ဟင်းချက်ပြီးမှ အပေါ်ကဆမ်းစားခြင်းသည် အာဟာရအပြည့်အဝရရှိစေသည်။ မီးပြင်းပြင်းဖြင့် အချိန်ကြာမြင့်စွာကြော်လှော်ခြင်းအတွက်မူ EVOO ကို မသုံးသင့်ဘဲ Refined Olive Oil ကိုသာ သုံးသင့်သည်။ သိုလှောင်ရာတွင်လည်း နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့ဘဲ အေးမြပြီးမှောင်သောနေရာ၌ ဖန်ပုလင်းအမည်းဖြင့် သိမ်းဆည်းရမည်ဖြစ်သည်။ ထို့ပြင် သံလွင်ဆီသည် ဆီတစ်မျိုးဖြစ်သည့်အတွက် ကယ်လိုရီဓာတ်မြင့်မားသည်။ ကျန်းမာရေးအတွက် သောက်သုံးရာတွင် တစ်ရက်လျှင် ထမင်းစားဇွန်းနှစ်ဇွန်းထက် ပိုမသောက်သုံးရန်သတိပြုသင့်သည်။ အလားတူပင် အဆီပြန်တတ်သောအသားအရေရှိသူများသည် သံလွင်ဆီကို မျက်နှာပေါ်တွင် တိုက်ရိုက်လိမ်း၍ ညအိပ်ခြင်းမျိုးကို ရှောင်ကြဉ်ရမည်။ ချွေးဂလင်း၌ အဆီပိတ်ပြီး ဝက်ခြံထွက်တတ်သည့်အတွက် လိမ်းပြီး မိနစ် ၂၀ ခန့်အကြာတွင် ရေနွေးနွေးဖြင့် ပြန်လည်ဆေးကြောရန်လိုအပ်သည်။

အချုပ်အားဖြင့်ဆိုရသော် သံလွင်ဆီသည် ဘေးဥပဒ်ကင်းစင်ပြီး ဘက်စုံအသုံးဝင်သော သဘာဝဆေးကောင်းတစ်ခွက်ဖြစ်သည့်အတွက် မိမိတို့၏နေ့စဉ်လူနေမှုဘဝတွင် စနစ်တကျ ရွေးချယ်အသုံးပြုခြင်းဖြင့် ကျန်းမာလှပသောဘဝကို တည်ဆောက်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ဝေါမြို့နယ် လက်ပန်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ဝေါ ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ပန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုငွေဖြင့် ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇွန်လ ၂၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမင်း၊ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ လက်ပန်ကျေးရွာ၌ ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များကို ဆောင်ရွက်ပြီးဂဝံလမ်းကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားသည်။

ဝေါမြို့နယ် လက်ပန်ကျေးရွာ၌ အရှည် ၉၆၁ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုငွေ ငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလ ၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် သွားလာရေးလွယ်ကူနေပြီဖြစ်ကြောင်း သိရသည်။

ကိုညို(ကျေးလက်)



# ကျောက်တံခါးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



ကျောက်တံခါး ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဘိုင်ဒါးကြိုးဝိုင်း အကွက်အမှတ်(၉၇) ရန်ကုန်-မန္တလေးအမြန်လမ်း၌ ဇွန်လ ၂၀ ရက်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင်ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ မန်ဂျန်ရှား၊ ကံ့ကော်နှင့် ခရေ စုစုပေါင်း ပျိုးပင် ၁၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**မျိုးမင်း(ပြန်/ဆက်)**

# မြန်မာ့လူငယ် သိဉာဏ်ကြွယ်

✍ ဗလငါးတန်၊ အားခွန်သန်၍
နိုင်ငံအတွက်၊ ဆင့်ကမ်းလက်တို့
တိုးတက်ရေးမှာ၊ အခရာမို့
ပညာသင်ကြား လူငယ်များ။

✍ ကာယ ဉာဏ၊ စာရိတ္တနှင့်
မိတ္တ ဘောဂ၊ ပြည့်သန်ကြဖို့
သိပ္ပကိုသင်၊ ပညာရင်နှစ်
မျိုးဆက်သစ်များ ဖြည့်ကျင့်ပွား။

✍ စိတ်ဓာတ်ကောင်းရန်၊ စည်းကမ်းမှန်ဖြင့်
တွေးကြံချိန်ဆ၊ ပညာမျှ၍
လုံ့လအားသွန်၊ နည်းကောင်းညွှန်ကာ
ထူးချွန်စေသား လူငယ်များ။

✍ မိဘဆရာ၊ ပူးပေါင်းကာဖြင့်
ပညာကောင်းရေး၊ မျိုးဆက်သွေးတို့
ချင့်တွေးမြော်မြင်၊ စာပေသင်ကာ
ချစ်ခင်ပြည်ကျိုး ဆောင်သယ်ပိုး။

✍ စိတ်ဓာတ်စည်းကမ်း၊ ပညာစွမ်းဖြင့်
မြင့်နန်းခေါင်တွင်၊ အောင်ပန်းဆင်ကာ
သစ်လွင်တောက်ပ၊ ဂုဏ်ပေါင်းခသည့်
မြန်မာ့လူငယ် သိဉာဏ်ကြွယ်။ ။

**မောင်လေပြေ(တောင်တွင်း)**

# သမဝါယမအသင်းသား တောင်သူများအား သီးနှံမျိုးစေ့နှင့် သွင်းအားစုများပေးအပ်

မင်းဘူး ဇွန် ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် သမဝါယမအသင်းစုရုံး၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် သမဝါယမအသင်းသား တောင်သူများ သီးနှံစိုက်ပျိုးချိန် အထောက်အကူဖြစ်စေရန်အတွက် သီးနှံမျိုးစေ့နှင့် သွင်းအားစုများပေးအပ်ခြင်းကို ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သမဝါယမအသင်းသားများအတွက် ဆောင်ရွက်ပေးသွားမည့် လူမှုစီးပွားမြှင့်တင်ရေး(သက်တန့်ရောင်)စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စီမံကိန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မေလတ်က သီးနှံမျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ သမဝါယမအသင်းသား တောင်သူ ၁၂ ဦး၊ စိုက်ဧက ၆၀ အတွက် သီးနှံမျိုးစေ့နှင့် သွင်းအားစုများကို တောင်သူများလက်ဝယ်သို့အရောက် ပေးအပ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# ကော့သောင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပ

ကော့သောင်း ဇွန် ၂၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ဇာဒက်ကြီး)၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ဇွန်လ ၁၉ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ စာဖတ်စွမ်းရည်တိုးတက်စေရန်နှင့် အသိပညာဗဟုသုတများတိုးပွားစေရန် အားလပ်ချိန်များတွင် ဗဟုသုတရရှိသည့် စာအုပ်စာစောင်များအား ဖတ်ရှုလေ့လာရန်၊ ကျောင်းစာပညာရပ်များသာမက ဗလငါးတန်နှင့်ပြည့်စုံ၍ အသိဉာဏ်ပညာဖွံ့ဖြိုးသူများဖြစ်စေရန် ဗဟုသုတရရှိစေသည့် ပြင်ပစာအုပ်၊ စာပေများကိုလည်းလေ့လာကြရန်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာဖတ်သည့် အလေ့အကျင့်ပြုစုပျိုးထောင်ကြရန်လိုအပ်ကြောင်း၊ စာဖတ်ခြင်းမှရရှိသည့် အကျိုးကျေးဇူးများနှင့် သုတ၊ ရသစာပေအမျိုးအစားများအကြောင်း အသိပညာပေးဟောပြောသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို လေ့လာဖတ်ရှုကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၂၂-၆-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး |
| ၃။ | ၀၉:၄၅ | တွေးမယ်ဖြေမယ် |
| ၄။ | ၁၁:၁၀ | ကမ္ဘာ့ရေးရာ မှတ်သားစရာ |
| ၅။ | ၁၁:၅၅ | မြန်မာ့လက်သံ |
| ၆။ | ၁၂:၁၅ | လေးစားအတုယူ စံနမူနာသူရဲကောင်းများ |
| ၇။ | ၁၅:၃၀ | ပန်းပေါင်းစုံစွာ အနုပညာ |
| ၈။ | ၁၆:၅၃ | ရင်မှာစွဲလမ်း တော်ဝင်ပန်း |
| ၉။ | ၁၇:၁၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၁၀။ | ၁၈:၂၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၁။ | ၁၈:၃၅ | ကျန်းမာသုတ |
| ၁၂။ | ၁၉:၀၀ | CGTN NATURE(41) |

# မိုးပိုနေမည်

နေပြည်တော် ဇွန် ၂၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**(မိုး/ဇလ)**

# အိမ်မဲမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေး

အိမ်မဲ ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းကို ဇွန်လ ၂၁ ရက်နံနက်ပိုင်းတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အိမ်မဲမြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်သည်။

အဆိုပါ ရက် ၁၀၀ စီမံချက်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အသက် ၁၈ နှစ်ပြည့်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်မရရှိသေးသူများအား ဆောင်ရွက်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီးမှတ်ပုံတင်များကို အသစ်လဲလှယ်ပေးခြင်း၊ အသက် ၁၀ နှစ်နှင့်အထက် မှတ်ပုံတင်အသစ် ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာအချက်အလက်(Biometric)ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဧပြီလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး၌ ဒူးရင်းမျိုးကောင်းမျိုးသန့်ဧက ၃၀၀၀ ခန့် စိုက်ပျိုးထား



ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး၌ ဒူးရင်းမျိုးကောင်းမျိုးသန့်ဧက ၃၀၀၀ ခန့် စိုက်ပျိုးထားကြောင်း မြန်မာနိုင်ငံ ဒူးရင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ပြည်တွင်း၌ ဒူးရင်းကို ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အဓိကစိုက်ပျိုးပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒူးရင်းစိုက်ဧက ၂၇၀၀၀ ကျော်ရှိကြောင်း သိရသည်။

"လက်ရှိ ရန်ကုန်တိုင်းဒေသကြီးမှာ ဒူးရင်းမျိုးကောင်းမျိုးသန့်ဧက ၃၀၀၀ လောက် စိုက်ပျိုးထားပါတယ်။ ဒူးရင်းက ဂရုတစိုက် စိုက်ပျိုးရတဲ့အပင်မျိုးပါ။ ရေတအားကြိုက်ပေမယ့် ရေဝပ်တဲ့နေရာတော့ ရှောင်ရတယ်။ အပူဒဏ်မခံနိုင်တဲ့အတွက် ဒူးရင်းစိုက်ရင် ကွမ်း၊ ငှက်ပျောတို့နဲ့ တွဲဖက်စိုက်နိုင်ပါတယ်" ဟု မြန်မာနိုင်ငံ ဒူးရင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်မင်းကပြောသည်။

ဒူးရင်းပင်သည် စတင်စိုက်ပျိုးပြီး လေးနှစ်ခန့်အကြာတွင် အသီးသီးလေ့ရှိသော်လည်း ထိုအသီးများကို ခြွေချရကြောင်း၊ ငါးနှစ်ခန့်အကြာမှသာ အသီးများကို စတင်ခူးဆွတ်နိုင်ပြီး ခုနစ်နှစ်ခန့်အကြာတွင် တစ်ပင်လျှင် အလုံး ၅၀ ခန့် ခူးဆွတ်နိုင်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့၏စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ **ဝါဝါ**

## အုတ်တွင်းမြို့နယ် လူထုအခြေပြုဇဟိုဌာန၌ အခမ်းအနားမှူး သင်တန်းဖွင့်လှစ်

အုတ်တွင်း ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကာ အခမ်းအနားမှူးတာဝန်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်၊ အရည်အချင်းပြည့်ဝပြီး ကျွမ်းကျင်ပိုင်နိုင်သည့် အခမ်းအနားမှူးကောင်းများပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အခမ်းအနားမှူးသင်တန်းကို ဇွန်လ ၂၀ ရက်က မြို့နယ်လူထုအခြေပြုဇဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် အခမ်းအနားတစ်ခုတွင် အခမ်းအနားမှူး၏အရေးပါပုံ၊ ပြောဟန်ဆိုဟန်၊ အသံနေအသံထား၊ အမူအရာ၊ အခမ်းအနားမှူး၏ အခန်းကဏ္ဍအရေးကြီးပုံ စသည်တို့ကို ရှင်းလင်းပို့ချသည်။

ထို့နောက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)လက်ပံခုံမှ အလယ်တန်းပြဆရာမ ဒေါ်ခင်ဖုန်းမြင့်က အခမ်းအနားမှူးတစ်ဦးတွင် ရှိသင့်သည့်အချက်များ၊ အခမ်းအနားတစ်ခုအောင်မြင်စွာ ပြီးမြောက်စေရန်မှာ အခမ်းအနားမှူးပေါ်တွင် မူတည်သောကြောင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူများ အသိပညာ ဗဟုသုတရရှိစေရန်ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ ခင်းကျင်းပြသသည်။

အဆိုပါသင်တန်းသို့ အခြေခံပညာကျောင်းများမှ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ကျောက်ဆည် ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ခရိုင်လူထုအခြေပြုဇဟိုဌာန၌ ဇွန်လ ၂၀ ရက်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မူးယစ်ဆေးဝါးအစ ဆေးလိပ်က ဟူသည့်အတိုင်း ဆေးလိပ်မသောက်ကြရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲရခြင်း၏ အကြောင်းရင်းများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲသူဘဝ မရောက်စေရေး မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် မိတ်ဖွဲ့ခြင်းကို ရှောင်ကြဉ်ရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အား အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းကာကွယ်ပူးပေါင်းဆောင်ရွက်ကြရန် စသည့် အကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက မူးယစ်ဆေးဝါးသုံးစွဲသူများအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ ထုံကျဉ်နာ၊ အကြောသေရောဂါ၊ ဝက်ရူးပြန်ရောဂါများနှင့် ခန္ဓာကိုယ်တွင် အနာပေါက်ခြင်းများ ဖြစ်တတ်သည့်အတွက် မူးယစ်ဆေးဝါးကို မသုံးစွဲကြရန် အသိပညာပေးဟောပြောသည်။ ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို အခမ်းအနားသို့ တက်ရောက်လာကြသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **စုစုအေး(ကျောက်ဆည်)**



# VDP စီမံကိန်းဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

စဉ့်ကိုင် ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ထန်းသုံးပင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန်လ ၂၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ထန်းသုံးပင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါထန်းသုံးပင်ကျေးရွာ၌ အရှည် ပေ ၆၂၀၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ရက် ၁၀၀ စီမံချက်ဖြင့် ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၇ ဒသမ ၆၉ သန်း စုစုပေါင်း ငွေကျပ် ၂၂ ဒသမ ၆၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလစတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ယင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ထန်းသုံးပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး သွားလာရေးအဆင်ပြေလာပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၄ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ဇီးကုန်း ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် အားကစားကွင်း၌ အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၄ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဌေးက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဘောလုံးပြိုင်ပွဲကိုကျင်းပရာ အ.ထ.က (မယင်း)အသင်းနှင့် အ.ထ.က(ဇီးကုန်း) အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ဇွန်လ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိပြီး အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင် အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်ဥပဒေရုံးအား စံပြရှေ့နေပြေးဥပဒေရုံးသစ် တိုးချဲ့ဖော်ဆောင်မှုအား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး သွားရောက်ကြည့်ရှုစစ်ဆေး



**မန္တလေး ဇွန် ၂၁**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ဥပဒေရုံးအား စံပြရှေ့နေပြေး ဥပဒေရုံးသစ်တိုးချဲ့ဖော်ဆောင်မှု အခြေအနေနှင့် စံပြရှေ့နေပြေး ဥပဒေရုံးများဖြစ်သည့် ပြင်ဦးလွင်ခရိုင် ဥပဒေရုံးနှင့် ချမ်းအေးသာစံမြို့နယ် ဥပဒေရုံးတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရှေ့ပြေးဥပဒေရုံး (Pilot Law Office များ ဖွင့်လှစ်ခြင်းဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်သောအခါ မှတ်ပုံတင်ရေးသွင်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာပေးပို့ခြင်းတို့ကို Manual စနစ်မှ Digitization စနစ်သို့ ကူးပြောင်းနိုင်ရန်၊ အမှုလိုက် ဥပဒေအရာရှိနှင့် တာဝန်ခံဥပဒေအရာရှိများအကြား နည်းပညာအသုံးပြုကာ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန်၊ ရှေ့ပြေးဥပဒေရုံးများတွင် တရားခွင်အကြို တွေ့ဆုံမေးမြန်းခြင်း (Pre-Trial Interview, PTI) များကို ဆောင်ရွက်နိုင်ရန် စံနမူနာပြု စမ်းသပ်ခြင်းဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး စံပြရှေ့ပြေးဥပဒေရုံး(Pilot Law Office) အဖြစ်သတ်မှတ်ဆောင်ရွက်ခဲ့သည့် မြို့နယ်ဥပဒေရုံးများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မျိုးကောင်းမျိုးသန့် ဥစားဘဲ သားပေါက်များ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ရေမြေဒေသ မွေးမြူရေး စနစ်နှင့်ကိုက်ညီသည့် ဒေသန္တရမျိုးများ တိုးချဲ့မွေးမြူနိုင်ရေးကြိုးပမ်း



**နေပြည်တော် ဇွန် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တပ်ကုန်းမြို့နယ် ရွှေမြို့တိုးချဲ့ မွေးမြူရေးဇုန်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မျိုးထုတ်ဥစားဘဲမွေးမြူထားရှိမှု၊ ဒေသန္တရ(၅)မျိုးမွေးမြူထားရှိမှု၊ တိုင်းရင်းကြက် စံပြမျိုး ထုတ်လုပ်မွေးမြူနိုင်ရေး ဆောင်ရွက်နေမှုနှင့်ဘဲဥဖောက်စက်အသုံးပြု၍ ဘဲသားပေါက်များဖြန့်ဖြူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဥစားဘဲမွေးမြူရေးပိုမို ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မျိုးကောင်းမျိုးသန့် ဥစားဘဲ သားပေါက်များဖြန့်ဖြူးပေးနိုင်ရေး၊ ရေမြေဒေသမွေးမြူရေးစနစ်နှင့်ကိုက်ညီသည့်ဒေသန္တရမျိုးများရရှိနိုင်ရေးအတွက် မျိုးအလိုက် မျိုးရိုးဆိုင်ရာ တိုင်းတာခြင်း၊ မှတ်တမ်းပြုစုခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပြီး မွေးမြူရေးတောင်သူများအား ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအနီးရှိ ကင်းသာရေထိန်းတမံအတွင်း ရေသိုလှောင်ထားရှိမှု၊ နို့စားနွားမွေးမြူရေးသရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ (နေပြည်တော်)၌ နို့စားနွား(ဖရီရှန်) များ မွေးမြူထားရှိမှု၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးထားရှိမှု၊ နိုက်ထရိုဂျင်အရည်ထုတ်စက်ရုံ၏ နိုက်ထရိုဂျင်အရည်ထုတ်လုပ်မှုနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဖြန့်ဖြူးပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

➧ **ကျောဖုံးမှအဆက်**

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် ဝူရှူးအားကစားသမားများ၏ စွမ်းရည်ပြယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် အားကစားသမားများကို ဆုတံဆိပ်များနှင့် ဆုငွေများ ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင်ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်




ကောင်စီနယ်မြေ နှင့် ISPE(Mandalay)တို့မှ အားကစား သမား ၁၂၀ ပါဝင် ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၀˚c |
| ရန်ကုန် | ၂၃˚c | / | ၃၀˚c |
| မန္တလေး | ၂၇˚c | / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ချောင်းဆုံမြို့နယ်၌ မိုးစပါး ၂၁၉၁၅ ဧက စိုက်ပျိုးပြီးစီး



**ချောင်းဆုံ ဇွန် ၂၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ခွဲ)၌ ၂၀၂၆ ခုနှစ် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများကို မေလ ၁ ရက်မှစတင်၍ ထုတ်ချေးပေးပြီး စိုက်ပျိုးနိုင်ရန်ဆောင်ရွက်လျက်ရှိရာ ဇွန်လ ၂၁ ရက်အထိ မိုးစပါး ၂၁၉၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးဧက ၆၅၃၀၉ စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး တောင်သူများ လုပ်ငန်းခွင်စတင်ချိန်မှစ၍ဇွန်လ ၂၁ ရက်အထိ ၂၁၉၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုး၍ အထွက်နှုန်းတိုးများစေရေးအတွက် နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိုးစပါးစိုက်ပျိုးမှု လျာထားချက်ပြည့်မီကျော်လွန်စေရေး တာဝန်ရှိသူများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို မြို့နယ်အတွင်းရှိ တောင်သူ ၄၄၉၉ ဦးတို့၏ မိုးစပါးစိုက်ဧက ၃၁၅၀၀ အတွက် တောင်သူတစ်ဦးလျှင် အများဆုံး ၁၀ ဧကအထိဖြစ်ပြီး တစ်ဧကလျှင် သုံးသိန်းကျပ်နှုန်းဖြင့် ချေးငွေကျပ် သိန်းပေါင်း ၉၄၅၀၀ သိန်းခန့် ထုတ်ပေးနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## ၂၁-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ကလေးဆေးရုံကြီးရန်ကုန်အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိသော ရင်ချင်းဆက်အမြွှာမိန်းကလေးများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် ကြည့်ရှုအားပေး



ရန်ကုန် ဇွန် ၂၁

အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ဇင်သည် ယနေ့တွင် ကလေးဆေးရုံကြီး ရန်ကုန် အထူးကြပ်မတ်ကုသဆောင်၌ ဆေးကုသမှုခံယူလျက်ရှိသော ရင်ချင်းဆက်အမြွှာမိန်းကလေးများဖြစ်သည့် မကြာညို သင်းနှင့် မကြာညိုသိမ့်တို့ကို သွားရောက်ကြည့်ရှု အားပေးသည်။

ထို့နောက် ကလေးများအတွက် ထူထောင်ထားသောငွေပဒေသာပင်အတွက် ထောက်ပံ့ငွေများကို ဆေးရုံတာဝန်ရှိသူများထံပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ







**World drug problem: persisting issues, new challenges, innovative responses**

**စိန်ခေါ်မှု(အသစ်တွေ)ကြားက မူးယစ်ဆေးဝါးပြဿနာ၊ ဆန်းသစ်တီထွင်နည်းလမ်းရှာ၊ စုပေါင်းကာကွယ်တိုက်ဖျက်ပါ။**

# ကျောက်ပန်းတောင်းမြို့နယ်၌ မိုးသီးနှံ မြေပဲ၊ နှမ်းနှင့် ပဲစင်းငုံ စံပြကွက်များကြည့်ရှုစစ်ဆေး

ကျောက်ပန်းတောင်း ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် စိုက်ပျိုးထားသည့် မိုးသီးနှံများဖြစ်သော ပဲစင်းငုံစံပြကွက်၊ မြေပဲစံပြကွက်နှင့် နှမ်းသီးနှံစံပြကွက်များ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဇွန်လ ၁၉ ရက် နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့စစ်ဆေးရာတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များသည် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးများနှင့်အတူ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် စိုက်ပျိုးထားရှိသည့် ဆင်တိုင်းကန်ကျေးရွာ ကွင်းအမှတ် ၂၀၀၇ ရှိ ဦးပိုင်အမှတ် ၅၆ ၌ တောင်သူ ဦးအောင်မောင်း စိုက်ပျိုးထားရှိသည့် ဆင်းပဒေသာ မြေပဲမျိုး ၂ ဧကနှင့် ဆင်တိုင်းကန်ကျေးရွာ ကွင်းအမှတ် ၂၀၀၇ ရှိ ဦးပိုင်-၂၉ ၌ တောင်သူ ဦးခင်မောင်အေး စိုက်ပျိုးထားရှိသည့် ရွှေဒင်္ဂါးမျိုး ပဲစင်းငုံ ၂ ဧက စိုက်ခင်းတို့တွင် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးမော်က စံပြကွက်များအတွက် မျိုးနှင့်သွင်းအားစုများ ဖြန့်ဝေထားရှိမှု အခြေအနေများနှင့် စစ်မှန်၍ အရည်အသွေးပြည့်ဝသည့် မြေဩဇာများပံ့ပိုးထားရှိမှု၊ စိုက်ပျိုးရေးနည်းစနစ်ကောင်းများ ပညာပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် စံပြကွက်များစိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးရေးဦးစီးဌာနမှ ပံ့ပိုးဖြန့်ဝေထားရှိရာ မိုးမြေပဲ (ဆင်းပဒေသာ-၁၁) မျိုးကို ဆင်တိုင်းကန်ကျေးရွာ၌ တောင်သူ ၁၁ ဦး၊ စိုက်ဧက ၃၀၊ (နှမ်းနီ-၂၅/၁၆၀)မျိုး မိုးနှမ်းကို တောင်သူ ၆ ဦး၏ စိုက်ဧက ၁၀ ဧက၊ မိုးနေကြာကို ပုပ္ပားဒေသတွင် တောင်သူ ၇ ဦးတို့၏ စိုက်ဧက ၁၀ ဧကနှင့် (ရွှေဒင်္ဂါးမျိုး) မိုးပဲစင်းငုံကို ဆင်တိုင်းကန်ကျေးရွာမှ တောင်သူ ၁၆ ဦးတို့၏ စိုက်ဧက ၂၀ တွင် စိုက်ပျိုးထားရှိရာ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် ရည်မှန်းချက်ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက်လည်း စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူများနှင့်ပူးပေါင်း၍ နည်းပညာဖြန့်ဝေမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများ လွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီ တောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇွန် ၂၁

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# လူသားတိုင်းအတွက် ကြိုတင်ကာကွယ်မူးယစ်ဆေးဝါးအန္တရာယ် အပိုင်း(၁)

ဒေါက်တာလပြည့်ခင်

**မူးယစ်ဆေးဝါး**

မူးယစ်ဆေးဝါးဆိုသည်မှာ သုံးစွဲမိသူအတွက် စိတ်ပိုင်းဆိုင်ရာစွဲလမ်းမှုများကို ဖြစ်စေတတ်ပြီး ရေရှည်အားဖြင့် စွဲလမ်းခြင်း၊ စိတ်အာရုံထွေပြားခြင်း၊ စိတ်ကျန်းမာရေးထိခိုက်ပျက်ပြားစေခြင်း စသောဂုဏ်သတ္တိရှိသည့် အရည်သော်လည်းကောင်း၊ အမှုန့်သော်လည်းကောင်း၊ အစိုင်အခဲ(ဆေးပြား) သော်လည်းကောင်းဆိုလိုသည်။ ကမ္ဘာ့နိုင်ငံတိုင်းတွင် မူးယစ်ဆေးဝါးများကို ဆေးပညာရပ်နှင့်ကျန်းမာရေးအခြေအနေများအရ အသုံးပြုရန်မှအပ ကျန်အခြေအနေများတွင် အသုံးပြုခြင်းအား ဥပဒေပြဋ္ဌာန်းကာ တားမြစ်ထားသည်။ မူးယစ်ဆေးဝါးသုံးစွဲထားသူများသည် ဆေးအာနိသင်ပြချိန်(ဆေးတက်ချိန်)တွင် ၎င်းတို့၏စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေများသည် သာမန်မသုံးစွဲထားသောသူများထက်ပို၍ သာလွန်သည်ဟု မြင်တတ်ကြသည်။ သို့သော် ဆေးအရှိန်ပြယ်ချိန်တွင် စိတ်ပိုင်းဆိုင်ရာအားဖြင့် စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး ရုပ်ပိုင်းဆိုင်ရာအားဖြင့် အင်အားကုန်ခန်းခြင်း၊ အစာမစားနိုင်ခြင်းတို့ကို အချိန်ကြာမြင့်စွာ ခံစားရမည်ဖြစ်သည်။

**လူငယ်လူရွယ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများမှာ လူမှုဆက်ဆံရေးကတစ်ဆင့် အများဆုံးပေါ်ပေါက်လာခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကို ခေတ်မီသူတိုင်း ပြုလုပ်ကြသည်ဟု လွဲမှားယူဆခြင်း၊ ရွယ်တူအပေါင်းအသင်းများအကြား ဝင်ဆံ့စေရန် အားကျမခံလိုက်ပါသုံးစွဲခြင်း၊ အသစ်အဆန်းတစ်ခုအနေဖြင့် လက်တည့်စမ်းသုံးစွဲခြင်း၊ အပေါင်းအသင်းများက မြှောက်ပင့်ဆွဲဆောင်ခြင်း၊ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးသုံးစွဲသူများရှိနေသည်ကို အတုမြင်အတတ်သင်သုံးစွဲခြင်းနှင့် ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းခြင်းတို့သည် မူးယစ်ဆေးဝါး စတင်သုံးစွဲရခြင်း၏ ဇာစ်မြစ်ဖြစ်. . .**

**မူးယစ်စေသောဆေးဝါးအမျိုးအစားများ**

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးဟု သတ်မှတ်ထားသောအရာများကို အဓိကအားဖြင့် Depressants ၊ Stimulants ၊ Opioids နှင့် Hallucinogens ဟူ၍ အုပ်စု(၄)စု ခွဲ၍ လေ့လာနိုင်ပါသည်။ အကျယ်ပြောရလျှင် အရက်၊ Valium နှင့် Xanax တို့ကဲ့သို့ ဦးနှောက်နှင့်အာရုံကြောစနစ်ကို နှေးကွေးစေသောဆေးများ (Depressants)၊ Cocaine, Methamphetamine၊ Nicotine နှင့် Caffeine တို့ကဲ့သို့ နှလုံးခုန်နှုန်း၊ သွေးဖိအားနှင့် နိုးကြားမှုကို မြှင့်တင်ပေးသည့် အာရုံကြောစနစ်ကို လှုံ့ဆော်ပေးသော ဆေးများ (Stimulants)၊ Heroin ၊ Morphine နှင့် Codeine ကဲ့သို့နာကျင်မှုကို သက်သာစေပြီး အိပ်ငိုက်မှု၊ ပျော်ရွှင်မှုခံစားချက်ကို ဖြစ်စေသော ဘိန်းအခြေခံနာကျင်မှုသက်သာဆေးများ (Opiates/ Opioids)နှင့် LSD နှင့် Psilocybin (Magic Mushrooms) ကဲ့သို့ မြင်ကွင်း၊ အသံ၊ အနံ့၊ အရသာ စသည်တို့ကို ပုံမှန် မဟုတ်ဘဲ ခံစားစေသည့် ထင်ယောင်ထင်မှားဖြစ်စေသောဆေးများ (Hallucinogens)ဖြစ်သည်။

အသုံးများပြီး အလွဲသုံးစားပြုလေ့ရှိသော မူးယစ်ဆေးဝါးဟု သတ်မှတ်ထားသောအရာများမှာ စိတ်ကျစေတတ်သည့် အရက် (Alcohol)၊ စိတ်ကြွစေတတ်သော နီကိုတင်းနှင့်ကဖိန်း (Nicotine & Caffeine)၊ စိတ်ချောက်ချားစေသည့် ဟယ်လူစင်နိုဂျင် (Hallucinogens/ Psychedelics)၊ ဘိန်းပါသောဆေးများ (Prescription Drugs & Cold Medicines)၊ ကိုကင်းနှင့်အဖက်တမင်း (Cocaine &၊ စိတ်ကြွဆေး (Bath Salts)၊ စိတ်ငြိမ်ဆေး (Sedative/ Tranquilizer)၊ ဆေးခြောက် (Cannabis/ Marijuana) စသည်တို့ဖြစ်သည်။

**မူးယစ်ဆေးဝါးစွဲလမ်းမှုပြဿနာ**

မူးယစ်ဆေးဝါး၏သဘောသဘာဝမှာ စိတ်ကိုစွဲလမ်းစေခြင်းဖြစ်ပြီး တစ်ခါတစ်ရံသုံးစွဲရာမှ မကြာခဏသုံးစွဲပြီး ထိုမှတစ်ဆင့် မသုံးရမနေနိုင်ဖြစ်ပြီး နေ့စဉ်ဆက်တိုက်သုံးစွဲလာတတ်သည်။ ဆေးသုံးစွဲမှုမှ တစ်ခဏတာရရှိသော စိတ်ပိုင်းဆိုင်ရာခံစားမှုအပေါ် စွဲလမ်းရာမှ မသုံးစွဲရလျှင်မနေနိုင်သည့် ဆေးစွဲသူအဖြစ်သို့ ရောက်ရှိရခြင်းဖြစ်သည်။ လူငယ်လူရွယ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများမှာ လူမှုဆက်ဆံရေးကတစ်ဆင့် အများဆုံးပေါ်ပေါက်လာခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကို ခေတ်မီသူတိုင်းပြုလုပ်ကြသည်ဟု လွဲမှားယူဆခြင်း၊ ရွယ်တူအပေါင်းအသင်းများအကြား ဝင်ဆံ့စေရန် အားကျမခံလိုက်ပါသုံးစွဲခြင်း၊ အသစ်အဆန်းတစ်ခုအနေဖြင့် လက်တည့်စမ်းသုံးစွဲခြင်း၊ အပေါင်းအသင်းများက မြှောက်ပင့်ဆွဲဆောင်ခြင်း၊ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးသုံးစွဲသူများ ရှိနေသည်ကို အတုမြင်အတတ်သင်သုံးစွဲခြင်းနှင့် ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းခြင်းတို့သည် မူးယစ်ဆေးဝါးစတင်သုံးစွဲရခြင်း၏ ဇာစ်မြစ်ဖြစ်သည်။

**မူးယစ်ဆေးဝါးမှပေးသောဝေဒနာများ**

အဆိုပါမူးယစ်ဆေးဝါးအမျိုးမျိုးကို စွဲလမ်းစွာသုံးစွဲသူများသည် စိတ်ဓာတ်ကြံ့ခိုင်မှု ယိုယွင်းလာခြင်း၊ ကာယစွမ်းအားဆုတ်ယုတ်လာခြင်း၊ ဉာဏစွမ်းအားလျော့ပါးလာခြင်း၊ လုံ့လဝီရိယနှင့် ဇွဲသတ္တိများဆိတ်သုဉ်းကာ တွေဝေမိန်းမောစေခြင်းတို့ဖြစ်လာပြီး နောက်ဆုံးတွင် အကျင့်စာရိတ္တယိုယွင်းလာကာ မကောင်းမှုဟူသမျှကိုကျူးလွန်ရန် ဝန်မလေးခြင်းတို့ ဖြစ်ပွားတတ်သည်။ မူးယစ်ဆေးစွဲသူသည် မူးယစ်ဆေးဝါးမှတစ်ပါး အခြားမည်သည့်အရာကိုမှ စိတ်ဝင်စားမှုမရှိတော့ဘဲ အသက်ရှင်နေသော်လည်း ဘဝသေသူအဖြစ် တန်ဖိုးမဲ့စွာရပ်တည်ရမည်သာ ဖြစ်သည်။

**မူးယစ်ဆေးဝါးနှင့်ကောင်းမွန်သောမိသားစုဆက်ဆံရေး**

လူငယ်လူရွယ်များ၏ လက်ဦးဆရာများဖြစ်သော မိဘများသည် လူငယ်များ အရက်၊ ဆေးလိပ်၊ ကွမ်းယာသုံးစွဲခြင်း၊ ကော်ရှူခြင်းနှင့် အခြားမူးယစ်ဆေးဝါးသုံးစွဲခြင်းတို့မှ ရှောင်ရှားနိုင်ရန် အကူအညီပေးနိုင်သည်။ အဓိကအားဖြင့် မိဘနှင့်သားသမီးဆက်ဆံရေးမှာ များစွာအရေးပါပြီး ကောင်းမွန်သောဆက်ဆံရေး ထူထောင်နိုင်ခြင်းသည် လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှကင်းဝေးစေရေး နည်းလမ်းကောင်းဖြစ်သည်။ မိဘနှင့်သားသမီးကြား ချစ်ခင်နွေးထွေးမှုရှိခြင်းနှင့် အပြန်အလှန် ယုံကြည်မှုရှိခြင်းသည် လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားမှု၊ မိမိကိုယ်မိမိ တန်ဖိုးထားတတ်မှု၊ မိမိကိုယ်မိမိ အားကိုးမှုတို့ကို ဖြစ်ထွန်းစေပြီး ဘဝတွင်ကြုံတွေ့ရသည့် အခက်အခဲများကို ကျော်လွှားစေနိုင်သည့် အပြင်ကောင်းမွန်သောအမူအကျင့်များ ဖြစ်ထွန်းလာစေသည်။

**မူးယစ်ဆေးဝါးဖြတ်တောက်ရေး**

နိုင်ငံတော်အစိုးရမှ မူးယစ်ဆေးစွဲနေသူများ ဆေးကုသမှုခံယူနိုင်စေရေးနှင့် နောက်ဆက်တွဲအန္တရာယ်များလျှော့ချရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခု၊ မက်သာဒုံးဆေးခန်း ၃၆ ခုနှင့် ဗျူပရီနော်ဖင်းဆေးခန်း ၅ ခုတို့ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ ကုသရေးအစီအစဉ်များကို လူထုအတွင်းရောက်ရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်လာကြပြီး ဆေးရုံ၊ ဆေးခန်း အခြေပြုဆေးကုသရေးလုပ်ငန်းများအပြင် လူထုအခြေပြု ဆေးကုသရေးလုပ်ငန်းများပါ တိုးချဲ့ဆောင်ရွက်လာကြသည်ကို တွေ့ရှိရသည်။

**ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာ**

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့လူသားတစ်ရပ်လုံး၏ ပြဿနာဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း နှစ်ပေါင်းကြာရှည် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုကြီးတစ်ခုဖြစ်သည်။ နိုင်ငံတိုင်း ရင်ဆိုင်ကြုံတွေ့နေရသည့် ကမ္ဘာလုံးဆိုင်ရာ အကြီးမားဆုံးပြဿနာတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံအားလုံးမှ နည်းလမ်းမျိုးစုံဖြင့် ဘက်ပေါင်းစုံကတိုက်ဖျက်နိုင်ရေး ဆောင်ရွက်လျက်ရှိသော်လည်း မူးယစ်ဆေးဝါးအန္တရာယ်သည် လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်း၏ ကျန်းမာရေး၊ လူမှုရေး၊ ဒေသတွင်းစီးပွားရေးအပေါ် ကြီးမားစွာဆိုးကျိုးသက်ရောက်စေပြီး အစိုးရ၏အုပ်ချုပ်မှုယန္တရားလည်ပတ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့အတွက်လည်း ကြီးမားစွာထိခိုက်စေသည့် အဟန့်အတားကြီး တစ်ခုဖြစ်နေသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရေရှည်လက်တွဲပူးပေါင်း ဖြေရှင်းသွားရမည့် လုပ်ငန်းတာဝန်ကြီးတစ်ရပ်လည်းဖြစ်သည်။

**နိုင်ငံတိုင်း ရင်ဆိုင်ကြုံတွေ့နေရသည့် ကမ္ဘာလုံးဆိုင်ရာ အကြီးမားဆုံးပြဿနာတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံအားလုံးမှနည်းလမ်းမျိုးစုံဖြင့် ဘက်ပေါင်းစုံကတိုက်ဖျက်နိုင်ရေး ဆောင်ရွက်လျက်ရှိသော်လည်း မူးယစ်ဆေးဝါးအန္တရာယ်သည် လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်း၏ ကျန်းမာရေး၊ လူမှုရေး၊ ဒေသတွင်းစီးပွားရေးအပေါ် ကြီးမားစွာဆိုးကျိုးသက်ရောက်စေပြီး အစိုးရ၏အုပ်ချုပ်မှုယန္တရားလည်ပတ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့အတွက်လည်း ကြီးမားစွာထိခိုက်စေသည့် အဟန့်အတားကြီးတစ်ခုဖြစ်နေသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရေရှည်လက်တွဲပူးပေါင်း ဖြေရှင်းသွားရမည့် လုပ်ငန်းတာဝန်ကြီးတစ်ရပ်လည်းဖြစ်. . .**

ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံးတို့ကို ခြိမ်းခြောက်နေသော အန္တရာယ်အမျိုးမျိုးရှိသည့်အနက် မူးယစ်ဆေးဝါးအန္တရာယ်သည် အဆိုးရွားဆုံးနှင့် အပြင်းထန်ဆုံးဖြစ်ပြီး လူသားတစ်ရပ်လုံးကို လူညွန့်တုံးစေသည်အထိ အဖျက်စွမ်းအားကြီးမားလှသောကြောင့် ကမ္ဘာ့နိုင်ငံအားလုံးက မူးယစ်ဆေးဝါးအန္တရာယ်ကို ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ဆန့်ကျင်တိုက်ဖျက်လျက်ရှိကြသည်။ မူးယစ်ဆေးဝါးအမျိုးမျိုးသည် ဘိန်းကိုအခြေခံ၍ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဘိန်းစိုက်ပျိုးမှုမှ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများမှ တစ်ဆင့် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ ဒုစရိုက်မှုအမျိုးမျိုးမှသည် အကြမ်းဖက်တိုက်ခိုက်မှု စသည့် ဆိုးကျိုးများအထိဖြစ်နေသည်။ ထို့ပြင် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများသည် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွှယ်လျက်ရှိပြီး နိုင်ငံတော်၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက်ရှိကြောင်း မြန်မာနိုင်ငံ၏ ဖြစ်ရပ်များနှင့် နိုင်ငံတကာ၏ အခြေအနေများက သက်သေပြလျက်ရှိသည်။ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသအချို့တွင် ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုများရှိခဲ့ခြင်းသည် လက်နက်ကိုင်သောင်းကျန်းသူများ သက်ဆိုးရှည်ခြင်းနှင့် အင်အားကြီးမားလာခြင်း၏ အကြောင်းတစ်ခုဖြစ်ခဲ့သည့် အထောက်အထားများရှိသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်မူးယစ်ဆေးဝါးတိုက်ဖျက်ရေး**

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် အဓိကတာဝန်ယူဆောင်ရွက်နေရသည့် Focal Ministry နှင့် Focal Organization ဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အပါအဝင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး စသည့် ရည်မှန်းချက်တာဝန်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီး ပြစ်မှုများကိုစုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်းစည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး ဟူသည့် လုပ်ငန်းတာဝန်(၆)ရပ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၁၄ သို့** ❒

❒ စာမျက်နှာ ၁၃ မှအဆက်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် စည်းကမ်းကောင်းမွန်ခြင်း၊ စိတ်ဓာတ်ကောင်းမွန်ခြင်း၊ စွမ်းရည်လေးရပ်ထက်မြက်ခြင်း၊ ပြည်သူလူထု၏ယုံကြည်လေးစားအားကိုးမှုကိုခံရခြင်း၊ တပ်ဖွဲ့ဝင်များမှ စံနမူနာယူထိုက်သည့် တပ်ဖွဲ့ဝင်ဖြစ်ခြင်းများနှင့် ပြည့်စုံသော ပြည်သူများမှမွေးဖွားလာသော ပြည်သူတို့၏ရင်နှစ်သည်းချာသားသမီးရတနာများဖြစ်သည့်အတွက် ပြည်သူလူထု၏ ကောင်းကျိုးကိုသာ အစဉ်ရှေးရှုသယ်ပိုးနေမည်ဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းမှ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်တွင်းမှပြည်ပသို့ဖြစ်စေ မူးယစ်ဆေးဝါးများ တရားမဝင်ရောင်းဝယ်နေခြင်းများကို အချိန်နှင့်တစ်ပြေးညီဖမ်းဆီးရမိမှုများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ သိသာထင်ရှားသည့်တာဝန်အပေါ် စေတနာထားမှုဖြစ်ရပ်များဖြစ်သည်။ ပြည်သူများ၏ပူးပေါင်းပါဝင်၍ သတင်းပေးပို့မှုများကြောင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခြင်းသည် ပြည်သူများ၏သားသမီးဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လူသားတို့၏အသက်ပေါင်းများစွာကို ကယ်တင်လိုက်ခြင်းပင်ဖြစ်သည်။ ထိုသို့လူသားတို့၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ရန်အတွက် တပ်မတော်၏ပံ့ပိုးကူညီမှုများနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်စပ်အဖွဲ့အစည်းများက ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**ဖြေရှင်းရခက်သည့်မူးယစ်ဆေးဝါးကုန်သွယ်မှု**

မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်နန်းစဉ် တစ်ခုလုံးသည် နိုင်ငံများတစ်ခုပြီးတစ်ခုကို ဖြတ်ကျော်ဆောင်ရွက်နေကြခြင်းဖြစ်ပြီး နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများအပြင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကျင့်ပျက်ဝန်ထမ်းများ ပါဝင်နေလေ့ရှိသည့်အတွက် ထိရောက်စွာကိုင်တွယ် ဖြေရှင်းနိုင်ရန် ခက်ခဲသည်။ မျက်မှောက်ကာလ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွင် ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်သည့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများနှင့် စိတ်ကြွရူးသွပ်ဆေးဝါးများ ပိုမို၍များပြားလာသည်။ အဆိုပါဓာတုပစ္စည်းများမှာ မူးယစ်ဆေးဝါးထုတ်လုပ်မှု တစ်ခုတည်းတွင်သာ အသုံးပြုခြင်းမဟုတ်ဘဲ အခြားစက်မှုကုန်ထုတ်လုပ်ငန်းများတွင်ပါ အသုံးပြုနေရသည့် နှစ်မျိုးသုံးဓာတုပစ္စည်းများ (Dual-use Chemicals) ဖြစ်သောကြောင့် လုံးဝပိတ်ပင် တားဆီးရန် ခက်ခဲသည့်အပြင် မူးယစ်ဆေးပြားများ ထုတ်လုပ်သည့်စက်များမှာလည်း အဆောက်အအုံနေရာအခြေတကျမလိုအပ်ဘဲ မော်တော်ယာဉ်ပေါ်တွင်တင်ကာ ထုတ်လုပ်နိုင်သည့် အခြေအနေမျိုးဖြစ်သဖြင့် ထိန်းသိမ်းရခက်နေပါသည်။ ထို့ပြင် အဆိုပါဓာတုပစ္စည်းများမှာ အိမ်နီးချင်းနိုင်ငံကြီးများမှ ထုတ်လုပ်နေခြင်းဖြစ်ရာ နိုင်ငံအတွင်းရှိ တရားဥပဒေစိုးမိုးမှုအလှမ်းဝေးသည့်ဒေသများတွင် နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများက လက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် အပေးအယူပြုလုပ်ကာ မူးယစ်ဆေးဝါးထုတ်လုပ်နေကြခြင်းဖြစ်ကြောင်း သတင်းများတွင်တွေ့ရှိခဲ့ရသည်။ မူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသအချို့တွင် ထုတ်လုပ်ပြီး ပြည်တွင်းသို့လမ်းကြောင်းအမျိုးမျိုးဖြင့် ဖြတ်သန်းကာ ပင်လယ်ပြင်သို့လည်းကောင်း၊ ကုန်းလမ်းဖြင့် အိမ်နီးချင်းနိုင်ငံအချို့သို့လည်းကောင်း သယ်ဆောင်ရောင်းဝယ်နေကြခြင်းဖြစ်သည်။

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့၏ အဓိကဝင်ငွေရလမ်းကြောင်း**

မြန်မာနိုင်ငံသည် ကမ္ဘာ့ဘိန်းစိုက်ပျိုးထုတ်လုပ်သည့် အဓိကနိုင်ငံများတွင် တစ်နိုင်ငံအဖြစ်ပါဝင်လျက်ရှိပြီး ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်သည့် မူးယစ်ဆေးဝါး (Synthetic Drugs)များ ထုတ်လုပ်သည့်နိုင်ငံစာရင်းတွင် ပါဝင်နေသည်ကို စိတ်မကောင်းဖွယ်ကြားသိနေရပါသည်။ အမှန်တကယ် ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများမှာ ပြည်မဒေသများတွင် မဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ ထိန်းချုပ်လှုပ်ရှားလျက်ရှိသည့် နယ်မြေများ/နယ်စပ်ဒေသများတွင်သာ တည်ရှိနေပြီး မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်မှုနှင့် ရောင်းဝယ်မှုများတွင် အဆိုပါအဖွဲ့အစည်းများ တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်လျက်ရှိသည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်မှုနှင့် ရောင်းဝယ်မှုလုပ်ငန်းများသည် အကျိုးအမြတ်လွန်စွာ များပြားသည့်အလျောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့၏ အဓိကဝင်ငွေရရှိရာလမ်းကြောင်းဖြစ်ပြီး ၎င်းတို့ ရေရှည်ရပ်တည်နိုင်ရေးအတွက် အားကိုးအားထားပြုနေရသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ၏နောက်တွင် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့ပါ တစ်ဆက်တစ်စပ်တည်းပါဝင်နေပြီး နိုင်ငံနှင့်ပြည်သူလူထု၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုပါ ထိခိုက်စေလျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့်လက်တွဲပူးပေါင်းကာ အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး အရှိန်အဟုန်မြှင့် တိုက်ဖျက်နှိမ်နင်းလျက်ရှိပါကြောင်း ၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်မည့် (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်မှုများကို ဆက်လက်တင်ပြပါမည်။ ။



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ ဆီသယ်ယာဉ်များအား သတ်မှတ်လမ်းကြောင်းများအတိုင်းသွားလာမှုရှိ/မရှိ စောင့်ကြည့်စစ်ဆေးနေမှုကိုတွေ့ရစဉ်။

**▲ ဆီသယ်ယာဉ်မှ**

စက်သုံးဆီများအား မသက်ဆိုင်သည့်နေရာများသို့ရောက်ရှိမှုမရှိစေရေး Online Monitoring Center မှ တိုက်ရိုက်စောင့်ကြည့်စစ်ဆေးလျက်ရှိသည်။

ထိုသို့စောင့်ကြည့်စိစစ်ခဲ့ရာ ဆီသယ်ယာဉ်အမှတ် 5P/8614၊ နောက်တွဲအမှတ် 1TLR-9177 သည် ရန်ကုန်မြို့(သီလဝါ)မှ ကရင်ပြည်နယ် ဘားအံမြို့သို့ စက်သုံးဆီပို့ဆောင်ရန်ဖြစ်သော်လည်း ကျိုက်ထိုမြို့အနီးတွင် ရပ်တန့်နေကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရသဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီသို့ သတင်းချပြစုံစမ်းစေခဲ့ရာ အဆိုပါဆီသယ်ယာဉ်အား မရမ်းချောင်လုံခြုံရေးဂိတ်တွင် ဖမ်းမိခဲ့ပြီး စက်သုံးဆီများကို သက်ဆိုင်ရာနေရာသို့ ပို့ဆောင်ခြင်းမပြုဘဲ တရားမဝင်လွှဲပြောင်းရောင်းချခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကျိုက်ထိုမြို့မရဲစခန်းတွင် (ပ)၁၇၃/၂၀၂၆ **“အရေးကြီးကုန်စည်များဆိုင်ရာဥပဒေပုဒ်မ ၅”** ဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အတူ ဆီသယ်ယာဉ်အမှတ်၊ 9D-8840၊ နောက်တွဲယာဉ်အမှတ် TLR-9550 သည် ရန်ကုန်မြို့(သီလဝါ)မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ စက်သုံးဆီပို့ဆောင်ရန်ဖြစ်သော်လည်း ကျိုက်ထိုမြို့နှင့်ဘီးလင်းမြို့အကြား အလိုတော်ပြည့်ဘုရားအနီးတွင် ရောက်ရှိရပ်တန့်ထားသည်ကို သံသယဖြစ်ဖွယ် စစ်ဆေးတွေ့ရှိရသဖြင့် သတင်းချပြ၍ အဆိုပါဆီသယ်ယာဉ်အား ပိတ်ဆို့ရှာဖွေစစ်ဆေးစေခဲ့ရာ မုဒုံမြို့နယ် ဒိုးမားကျေးရွာအုပ်စု ဒိုးမားကျေးရွာအနီး မော်လမြိုင်-သံဖြူဇရပ်ကားလမ်းဘေးတွင် ယာဉ်မောင်းမရှိဘဲရပ်တန့်ထားသည့် ဆီသယ်ယာဉ်အား စစ်ဆေးတွေ့ရှိရသဖြင့် မုဒုံမြို့မရဲစခန်းတွင် ထိန်းသိမ်းစစ်ဆေးလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဆီသယ်ယာဉ်များအား GPS တပ်ဆင်စေ၍ နည်းပညာဖြင့် ကြပ်မတ်




စစ်ဆေးနေသည့်စနစ်အတွင်းဝင်ရောက်ပြီးမှသာ ရေနံနှင့်ရေနံထွက်ပစ္စည်း သယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်များထုတ်ပေးသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ဆီသယ်ယာဉ် (၅၁၀၆)စီးသည် GPS များတပ်ဆင်၍ စနစ်အတွင်း ဝင်ရောက်ပြီးဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့် ကြီးကြပ်စစ်ဆေးသည့်နည်းပညာများကို အဆင့်မြှင့်တင်လျက်ရှိပြီး ဆီသယ်ယာဉ်တစ်စီးချင်း၏ သွားရောက်မည့်လမ်းကြောင်းကို ထည့်သွင်းစေပြီး လမ်းကြောင်းမှသွေဖည်ခြင်း၊ သံသယဖြစ်ဖွယ်အချိန်ကြာမြင့်စွာ ရပ်တန့်နေခြင်းတို့ပြုလုပ်ပါက Control Center တွင် သတိပေး Alarm ပေါ်လာသည့်စနစ်ကို AI နည်းပညာသုံး၍ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး စည်းကမ်းလိုက်နာခြင်းမရှိသည့်ယာဉ်များကို လုပ်ငန်းလုပ်ကိုင်ခွင့် ချက်ချင်းရပ်ဆိုင်း၍ လုပ်ငန်းရှင်များ အပါအဝင်သက်ဆိုင်သူများကိုလည်း ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြဝတီ

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

လွိုင်လင် ဇွန် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၌ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ (မြို့နယ်အဆင့်)ကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်၌ ကျင်းပသည်။

ထိုသို့ စာစီစာကုံးပြိုင်ပွဲကျင်းပနေမှုကို ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အဆိုပါအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို “နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်ဖို့ မြန်မာအမျိုးသမီးများကြိုးစားစို့” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး လွိုင်လင်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ အထက်တန်းဆင့် ကျောင်းသား၊ ကျောင်းသူ၁၃ ဦးနှင့်အလယ်တန်းဆင့် ကျောင်းသား၊ ကျောင်းသူ ၂၄ ဦး စုစုပေါင်း ၃၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်းသိရသည်။

**အယ်မင်း(လွိုင်လင်)**

➲ ရှေ့ဖုံးမှအဆက်

၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်နီညိုအခြေအနေသို့လည်းကောင်းရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ နေ့အပူချိန်များမြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသည်။

**(မိုး/ဇလ)**

◆ **ကျောဖုံးမှအဆက်**

တရားမဝင် ၇ ထပ်လူနေ အဆောက်အအုံ ၁ လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချ ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့်ဖောက်ခွဲ၍ ဖျက်ဆီးမည့်အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၂၀ လုံးအနက် ၇ ထပ်လူနေ အဆောက်အအုံ ၁ လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၂ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု




ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၇)ထပ်လူနေအဆောက်အအုံ

မဖြိုဖျက်မီ



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၇)ထပ်လူနေအဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင်နေမှု



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၇)ထပ်လူနေအဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင်နေမှု




---

မေလ၊ ၂၀၂၆ ခုနှစ် (ဒုတိယအကြိမ်)

MINISTRY OF HEALTH

# အသည်းရောင်အသားဝါ(စီ)

## ရောဂါအကြောင်းသိကောင်းစရာ



- အသည်းရောင်အသားဝါ (စီ) ရောဂါသည် အသည်းရောင်အသားဝါ (စီ) ဗိုင်းရပ်စ်ပိုး ကြောင့်ဖြစ်ပွားသော ကူးစက်ရောဂါဖြစ်ပါသည်။
- မြန်မာနိုင်ငံတွင် လူ ၁၀၀ ဦးလျှင် ၃ ဦးခန့်သည် အသည်းရောင်အသားဝါ (စီ) ရောဂါခံစားနေရပါသည်။
- နာတာရှည်အသည်းရောင်အသားဝါ (စီ) ရောဂါ ဖြစ်ပွားခြင်းကြောင့် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာတို့ ဆက်လက်ဖြစ်ပွားရာမှ အသက်အန္တရာယ် ထိခိုက်သည်အထိ ဖြစ်ပွားနိုင်ပါသည်။

### ရောဂါလက္ခဏာများ

- ဖျားခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊
- အစားအသောက်ပျက်ခြင်း၊
- ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊
- ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်း၊
- မျက်လုံးဝါခြင်း၊ အသားဝါခြင်း၊
- အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း။



### အသည်းရောင်အသားဝါ (စီ)ရောဂါပိုး ကူးစက်နိုင်သော နည်းလမ်းများ




- ရောဂါပိုးပါဝင်သည့် သွေးသွင်းမိခြင်းနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ အစားထိုးကုသမှုခံယူခြင်း၊
- ပိုးသတ်မထားသော အပ် အစရှိသည့် ချွန်ထက်သော ပစ္စည်းများကို အသုံးပြုခြင်း (ဥပမာ - တက်တူးထိုးခြင်း၊ နားဖောက်ခြင်း)၊
- ရောဂါပိုးရှိသူ အသုံးပြုပြီးသော ဆေးထိုးအပ်များဖြင့် ဆေးထိုးခြင်း၊ ဆေးထိုးအပ်နှင့် ဆေးထိုးပြွန်များကို မျှဝေသုံးစွဲခြင်း၊
- ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း၊
- ရောဂါပိုးရှိသောမိခင်မှတစ်ဆင့်ကလေးသို့ကူးစက်ခြင်း။

မိခင်နို့ရည်မှသော်လည်းကောင်း အစားအစာ၊ ရေ၊ သာမန်ပွေ့ဖက်ခြင်း နမ်းရှုပ်ခြင်းတို့မှသော်လည်းကောင်း မကူးနိုင်ပါ။

### အသည်းရောင်အသားဝါ (စီ)ရောဂါပိုး ကူးစက်ခံရနိုင်ခြေ မြင့်မားသူများ

- မူးယစ်ဆေးဝါး သွေးကြောအတွင်းသို့ ထိုးသွင်းသူများ၊
- ရောဂါပိုးရှိသူအသုံးပြုပြီးသော ဆေးထိုးအပ်၊ ဆေးထိုးပြွန် နှင့် ဆေးထိုး ကိရိယာ များကို မျှဝေသုံးစွဲသူများ၊
  - သွေးသွင်းကုသမှုခံယူသူများ
  - ဆေးမင်ကြောင်ထိုးလေ့ရှိသူများ
  - နားဖောက်လေ့ရှိသူများ
- လူနာများ၏ သွေး သို့မဟုတ် သွေးနှင့်ဆက်စပ်ပစ္စည်းများကို ထိတွေ့ ကိုင်တွယ်ရလေ့ရှိသော ကျန်းမာရေးဝန်ထမ်းများ၊
- လိင်ဆက်ဆံဖက်များသူများ၊ အကာအကွယ်မဲ့ လိင်ဆက်ဆံသူများ၊
- ရောဂါပိုးရှိသူ မိခင်မှ မွေးဖွားလာသောကလေးများ။

### အသည်းရောင်အသားဝါ (စီ)ရောဂါ ကာကွယ်ခြင်းနည်းလမ်းများ

အသည်းရောင်အသားဝါ (စီ) ပိုးအတွက် ကာကွယ်ဆေးမရှိပါ သဖြင့် ကူးစက်ခံရခြင်းမှ ကာကွယ်ရန် အောက်ပါနည်းလမ်းများကို အသုံးပြုပါ။

- တစ်ခါသုံးဆေးထိုးအပ်၊ ဆေးထိုးပြွန်နှင့် ဆေးထိုး ကိရိယာများကိုသာသုံးစွဲပါ။
- ဆေးထိုးအပ်၊ ဆေးထိုးပြွန်စသည့် ချွန်ထက် ပစ္စည်း များအား စနစ်တကျကိုင်တွယ်၊ စွန့်ပစ်ပါ။
- ရောဂါပိုး ကင်းစင်ကြောင်း စစ်ဆေးထားပြီး ဖြစ်သော သွေးကိုသွင်းပါ။
- ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ။




### အသည်းရောင်အသားဝါ (စီ)ပိုးရှိ/ မရှိ ဘယ်လိုသိနိုင်မလဲ

- သွေးစစ်ဆေးခြင်းဖြင့် သိရှိနိုင်ပါသည်။
- နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများတွင် သွေး စစ်ဆေးမှု ခံယူနိုင်ပါသည်။



### အသည်းရောင်အသားဝါ (စီ)ရောဂါ ကုသခြင်းနည်းလမ်းများ




- အသည်းရောင်ရောဂါ (စီ) ရောဂါဖြစ်ပွားပါက ခေတ်မီ ထိရောက်သော ကုထုံးများဖြင့် ရက်သတ္တပတ် (၁၂) ပတ်မှ (၂၄) ပတ်အတွင်း ပျောက်ကင်းအောင် ကုသနိုင်ပါသည်။
- အသည်းကို အနားပေးခြင်းဖြင့် (လုံလောက်စွာအနားယူခြင်း၊ အရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် အာဟာရပြည့်ဝစွာ စားခြင်း) ကိုယ်ခံအား ကောင်းအောင်ပြုမူ နေထိုင်ရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ အသည်းရောင်အသားဝါ (စီ)ရောဂါပိုးရှိသူများ ကိုရောဂါပျောက်ကင်းသည်အထိ အခမဲ့ ဆေးကုသပေးနေပါသည်။

❖ **ရှေ့ဖုံးမှအဆက်**

လုံခြုံအေးချမ်းစွာ နေထိုင်လုပ်ကိုင်နိုင်ရေး အတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်အတွင်း လုံခြုံရေးတာဝန်များဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်များသည် ဇွန်လ ၂၀ ရက်တွင် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ရေနံချောင်းမြို့၏ အရှေ့မြောက်ဘက် မီတာ ၂၁၀၀၀ ခန့်အကွာရှိ လွန်းပင်ရှိကျေးရွာ၏ ကျေးရွာစာကြည့်တိုက်အတွင်း၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် မော်တော်ဆိုင်ကယ် (၁)စီး၊ စားဆီ (၅) ဂါလန် (၅) ပုံး၊ ပြောက်ကျားယူနီဖောင်း (၅) စုံ၊ ပြောက်ကျားဦးထုပ် (၅) လုံး၊ ၁ ပေခွဲ ပတ်လည် ဆိုလာ (၁) ချပ်၊ ၄ ပေ ၈ ပေ ပတ်လည် ဆိုလာ (၁) ချပ်၊ Inverter (၁) လုံး၊ ၁၂ ဗို့ဘက်ထရီ (၁) လုံး၊ Sound Box (၁) လုံး၊ အရပ်ကျောပိုးအိတ် (၂) လုံး၊ ၉ လုံးကျည် ၁၈ လုံးပါ (၁) တွဲ၊ ရွှေဦးထီ (၂၅) စောင်ပါ စာအုပ် (၁၅) အုပ်၊ YGN စာတန်းပါ ဘက်တံဆိပ် (၃၇)ခု နှင့် မကွေးပြည်သူ့ကာကွယ်ရေးတံဆိပ် (၁) ခုတို့အား သိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မွန်းလွဲပိုင်းတွင်ညောင်ပင်ကားကျေးရွာ၏တောင်ဘက် မီတာ ၁၅၀ ခန့်၌ ယာယီစခန်းအဖြစ် နေထိုင်ခဲ့သည်ဟု ယူဆရသည့်နေရာအား ထပ်မံတွေ့ရှိခဲ့ရပြီး လူ ၂၀ ဦးဆံ့ ယာယီတဲ ၁ လုံး၊ ကင်းတဲ ၂ လုံး နှင့် လက်လုပ်နင်းမိုင်းမျိုးစုံ ၁၂ လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။ အလားတူ ကန်သာကျေးရွာအနီး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကျေးရွာ၏အရှေ့တောင်ဘက် မီတာ ၉၅၀ ခန့်၌ အကြမ်းဖက်သောင်းကျန်းသူများယာယီစခန်းချနေထိုင်ခဲ့သည့် နေရာတစ်ခုအား ထပ်မံတွေ့ရှိခဲ့ရပြီး လက်လုပ်ဗုံးသီး (၁၁၇) လုံး၊ စက္ကူပြတ်ခဲယမ်းပျော့



လုံခြုံရေးတပ်ဖွဲ့ဝင်များက နတ်မောက်မြို့နယ်၊ အိုင်မကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ခဲယမ်းများသိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

**လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းများအား သိမ်းပိုက်ရရှိမှု**







လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ်၊ ကန်သာကျေးရွာအနီး၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းအား သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။




လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ်၊ ညောင်ပင်ကားကျေးရွာအနီး၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းအား သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

# ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ချောက် ဇွန် ၂၁

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ရေဘေးအန္တရာယ်ကျရောက်လာပါက အထိရောက်ဆုံးနှင့် အမြန်ဆုံးကယ်ဆယ်ရေးလုပ်ငန်းများကို တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်မီးသတ်တပ်ဖွဲ့၏ဦးဆောင်မှုဖြင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ ကြီးကြပ်၍ ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၇)ရပ်ကွက် အုတ်ဖိုကမ်းနားဆိပ်၌ဆောင်ရွက်သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်ကအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရေပြင်တွင်ဖြစ်ပေါ်လျက်ရှိသော ဘေးအန္တရာယ်များကို သတင်းရလျှင်ရချင်း ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံးထွက်ခွာ၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို သရုပ်ပြဆောင်ရွက်ကြရာ သရုပ်ပြတပ်ဖွဲ့မှ မြေနုကျွန်းပေါ်ရှိ ရေဘေးသင့်ပြည်သူများကို Assault Boat များအသုံးပြု၍ကယ်ဆယ်မှုသရုပ်ပြသခြင်း၊ ကုန်သယ်ဆောင်လာသည့် စက်လှေမီးလောင်နေမှုအား သတင်းရရှိချိန်တွင် စက်လှေမီးလောင်ရာသို့ Assault Boat၊ Fire Boat၊ Intelligence Lifebuoy များဖြင့် Foam အမြှုပ်ဆေးရည် အသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့်ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်းတို့ကို သရုပ်ပြကြသည်။

အဆိုပါသရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းနှင့် အဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများတက်ရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)



လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ်၊လွန်းပင်ရှိကျေးရွာ၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းအား သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

(၂) အိတ်၊ ကျည်ကာအင်္ကျီ (၁) ထည်၊ TNT အားမြှင့်ယမ်း (၂၁) ခု၊ ရန်သူ့တန်းစီကွင်း (၁) ကွင်း၊ ရန်သူ့ခန်းမတဲ (၁) လုံး၊ လူ ၂၀ ဦးဆံ့ အိပ်ဆောင်တဲ (၁) လုံး၊ သံခုတင် (၄) လုံး၊ မော်တော်ဆိုင်ကယ် (၂) စီး၊ ဆိုလာ (၁) ချပ်၊ ဝရိန်စက် (၁) လုံး၊ ဝရိန်ချောင်း (အကြီး) (၁) ထုပ်၊ လမ်းလျှောက်စကားပြောစက် (၅) လုံး၊ လက်လုပ်ဗုံးသီးအခွံပြုလုပ်သည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် နတ်မောက်မြို့နယ်အတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည်ဇွန်လ ၇ ရက်နေ့တွင် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် နတ်မောက်မြို့နယ်၊ အိုင်မကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၀၀ ခန့်အကွာ၌ အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ အလောင်း ၂ လောင်း၊ စနိုက်ပါသေနတ် ၁ လက်နှင့် ၇ ဒသမ ၆၂ မမကျည် ၁၂၀၀ တောင့်တို့အား သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့်ဒေသခံပြည်သူလူထုအား လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ကျေးရွာများအတွင်းဝင်ရောက်၍ အဖျက်အမှောင့်လုပ်ငန်းဆောင်ရွက်ခြင်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြသည်။

တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အမှန်တကယ်ဆောင်ရွက်လိုကြသည့် တာဝန်သိပြည်သူများအနေဖြင့် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ[နည်းဥပဒေ ၂၉၀(က)]

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ၊ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကိုကျော်တက်ရန် ပြင်ဆင်ခြင်းရှိ၊ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှုရှင်း၊ မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

■ **ကျောဖုံးမှအဆက်**

လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ပါသည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်လက်နက်ခဲယမ်းများအား မန္တလေးမှတီးတိန်သို့ အဓိကသယ်ဆောင်ခိုင်းသူမှာ တီးတိန်မြို့နေ ထွန်းဂင့်မုန်(ခ)ပါးမုန် (ဖမ်းဆီးရန်ကျန်)နှင့် ထန်ဆောမ်းဟောက်(ခ)ဆောမ်းဟောက်(ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

➢ **ဘားအံမြို့မှ**

အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းပါးသည်ထက်နည်းပါးစေရန်နှင့် ပြည်သူလူထုအား ထိရောက်လျင်မြန်စွာ ရှာဖွေကယ်ဆယ်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်စေရေးအတွက်ရည်ရွယ်ပြီး ကရင်ပြည်နယ် ဘားအံခရိုင်မီးသတ်ဦးစီးဌာန၌ ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၂/၂၀၂၆)သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲတွင် ပြည်နယ်မီးသတ်ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက်ပြည်နယ်ဦးစီးမှူးက ထူးချွန်သည့်သင်တန်းသားများအား ထူးချွန်ဆုများပေးအပ်ပြီး ခရိုင်ဦးစီးမှူးက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းကို နှစ်ပတ်ကြာဖွင့်လှစ်သင်ကြားပေးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအသင်းမှ သင်တန်းသား ၆၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

ပြည်နယ်(ပြန်/ဆက်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Security forces seize temporary camps of terrorists in some villages of Yenangyaung and Natmauk townships, Magway Region

NAY PYI TAW June 21

In line with the Tatmadaw's ongoing efforts to ensure regional stability and the peaceful livelihood of the public—which are fundamental to national development and socio-economic progress—security forces have been actively carrying out both national defence and regional development tasks in collaboration with the government and local communities.

As part of these operations, on 20 June, troops conducting security duties in Yenangyaung Township, Magway Region, discovered and seized insurgent encampments. Approximately 21,000 metres northeast of Yenangyaung, at the village library in Loon Pin Sho Village, they recovered the following items belonging to terrorist insurgents: one motorcycle, five five-gallon drums of cooking oil, five sets of camouflage uniforms, five guerrilla caps, one 1.5-foot solar panel, one 4x8-foot solar panel, one inverter, one 12-volt battery, one sound box, two civilian backpacks, one set of 18 rounds of 9 mm ammunition, 15 booklets containing 25 Nway Oo(Spring) lottery tickets, 37 YGN-documented badges, and one Magway People's Defence Force badge.

Later that afternoon, while continuing security operations, the troops found another location approximately 150 metres south of Nyaungpin Kar Village, believed to have been used as a temporary camp. There, they seized one tent capable of accommodating 20 people, two lookout shelters, and 12 assorted

See Page - 21►►





Security forces seizing a temporary camp of terrorists in Loon Pin Sho Village, Yenangyaung Township.



Security forces seizing a temporary camp of terrorists in Loon Pin Sho Village, Yenangyaung Township.



Security forces seizing a temporary camp of terrorists near Nyaungpin Kar Village, Yenangyaung Township.





Security forces seizing a temporary camp of terrorists near Nyaungpin Kar Village, Yenangyaung Township.



Security forces seizing a temporary camp of terrorists near Kan Thar Village, Yenangyaung Township.

Security forces seizing a temporary camp of terrorists near Kan Thar Village, Yenangyaung Township.



# All plantations of potato harvested in Sagaing Region

SAGAING June 21

Statistics of Sagaing Region Agriculture Department stated that local farmres harvested all plantations of potato in Sagaing Region.

In Sagaing Region, a total of 5,990 acres of potatoes were cultivated during the winter cropping season. Harvesting of these potato fields began in February this year, and as of today, all 5,990 acres have been fully harvested. The harvested areas include 651 acres in Mawlaik District, 837 acres in Tamu District, 319 acres in Kalay District, 125 acres in Khamti District, 360 acres in Homalin District, 407 acres in the Naga Self-Administered Zone, 1,753 acres in Shwebo District, 250 acres in Ye-U District, 202 acres in Sagaing District, 896 acres in Katha District, and 190 acres in Kawlin District. The average yield was reported at 4,513.53 viss per acre.

"In Sagaing Region, potatoes were cultivated on 5,990 acres. At present, all cultivated areas have been completely harvested. Although potato cultivation is not on a large scale in the region, it remains a commonly consumed crop, so the cultivation area is maintained at a steady level. There has not been significant expansion, and some supplies are imported from other areas, including potatoes from Shan State," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department.



In Sagaing Region, the Agriculture Department is supporting potato farmers to expand cultivation areas, use high-quality seeds, and adopt GAP (Good Agricultural Practices) methods.

The potato market in Sagaing Region is currently favorable. The cost of cultivating one acre of potatoes ranges between Ks-800,000 and Ks-900,000, and yields are reported at about 3,500 to 4,000 viss per acre.

**SK**

# All plantations of kidney bean harvested in Phaungpyin Township

PHAUNGPYIN June 21

Mawlaik District Agriculture Department stated that all plantations of kidney bean were harvested in Phaungpyin Township of Sagaing Region.

During the winter cropping season in Phaungpyin Township, a total of 7,035 acres of kidney beans were cultivated. Harvesting of these crops began in January this year, and as of now, 100 percent of the planted acreage has been harvested, with an average yield of 20.50 baskets per acre, according to reports.

"We were able to cultivate up to 7,035 acres of kidney beans in Phaungpyin Township. At present, all of the cultivated bean fields have been completely harvested. In terms of cultivation, we managed to expand beyond the target acreage. To ensure good yield and quality, we worked in cooperation with farmers by providing necessary quality seeds, inputs, and post-harvest technologies," said Daw Kywe Kywe Hlaing, District Head of the Agriculture Department in Mawlaik District.

In Phaungpyin Township, the Township Department of Agriculture has been carrying out awareness and extension activities to help farmers expand cultivation acreage, improve yields, adopt Good Agricultural Practices (GAP), use high-quality seeds, and grow high-yield crop varieties.

Crops grown using GAP methods are reported to have better quality than those grown with other methods, fetch higher prices, and meet standards for both domestic markets and export markets. As a result, farmers adopting these methods can achieve greater economic benefits.

**SMK**

# Farmers pluck all plantations of chilli in Sagaing District



SAGAING June 21

Hundred percent of chilli plantations were harvested in Sagaing District of Sagaing Region, according to the district Agriculture Department.

During the winter cropping season in Sagaing District, a total of 2,295 acres of chilli were cultivated. Harvesting began in February this year, and as of now, 100 percent of the acreage has been harvested, with yields exceeding 300 viss per acre, according to reports.

"In the winter cropping season in Sagaing District, chilli was cultivated on 2,295 acres. At present, all of the cultivated chilli fields have been fully harvested. The overall condition of chilli cultivation has been good. Efforts were also made to promote chilli as a commercial crop," said Daw Myat Moe Win, Head of the Agriculture Department in Sagaing District.

By township, harvested chilli acreage in Sagaing District includes 1,164 acres in Sagaing Township, 340 acres in Myinmu Township, and 791 acres in Myaung Township, totalling 2,295 acres.

Relevant district and township agriculture department staff have supported chilli farmers by providing technical guidance to improve yields, ensure market access, control pests, and enhance soil fertility.

Production costs from planting to fruiting are estimated at around Ks-1.5 million per acre on owned land and about Ks-2.5 million per acre on leased land. Chilli can be harvested every 15 days and continues producing for up to six months. Initial harvest yields are around 100 viss per acre, increasing to between 400 and 500 viss per acre in subsequent harvests.

**SMK**

# Farmers finish harvest of more than 2,000 acres of chickpea in Dabayin Township

DABAYIN June 21

Local farmers have reaped more than 2,000 acres of chickpea in Dabayin Township of Sagaing Region, according to the data from YeU District Agriculture Department.

Farmers of Dabayin Township could plant 4,985 acres of chickpea as cold season crops. They started harvest of crops in January, and so far, they have reaped 2,911 acres of crops, yielding 22.60 baskets per acre.

During the winter cropping season in Dabayin Township, chickpea was cultivated on 4,985 acres. At present, the cultivated chickpea fields are being harvested, with more than 2,000 acres already harvested to date. Chickpea cultivation has been increasing year by year. To ensure good yield and quality, necessary support such as the provision of quality seeds, agricultural inputs, and post-harvest technologies has been carried out in cooperation with farmers," said U Zaw Myint Tun, District Head of the Department of Agriculture in YeU District.

In Dabayin Township, chickpea varieties suitable for the local conditions and with good yield—Yezin-8 and Yezin-11—are being selected for cultivation. The cost of cultivating chickpea is over Ks-300,000 per acre.

During this year's winter cropping season, in cultivating various pulses, efforts are being undertaken in cooperation with farmers to improve yield and quality by providing necessary quality seeds, inputs, and post-harvest technologies. In addition, awareness and extension activities have been carried out to encourage the use of beneficial Trichoderma fungi during the cultivation of pulses, in coordination with lead farmers.

Sagaing Region is the largest producer of pulses in the country in terms of cultivated area. Pulses can be grown not only as a main crop but also as an intercropping crop, making them an important income-generating crop for farmers.

**SK**

# Africa, Asia increase food imports from Russia amid looming El Nino concerns

MOSCOW June 21

Countries across Asia, Africa and the Middle East are increasing imports of Russian food products amid uncertainty surrounding the Strait of Hormuz and concerns over the approaching El Nino climate phenomenon, Russia's state-owned Rosselkhozbank (RSHB) told Sputnik on Sunday.

El Nino is a characterized by unusually warm sea surface temperatures in the equatorial Pacific Ocean. The resulting temperature shifts can trigger major weather disruptions worldwide, causing droughts in some regions and flooding in others.

"During the first four months of 2026, Russian agricultural exports increased by 4.9 million tonnes, or 21.8 percent, compared with the same period last year... In particular, amid instability in the Strait of Hormuz and anticipated El Nino-related climate fluctuations, many countries in Asia, Africa, and the Middle East are building up agricultural stockpiles out of concern over potential fertilizer shortages and droughts," the bank said.

According to RSHB, Russian food exports to China rose by more than one-third in January–April 2026 compared with a year earlier. Egypt increased imports of Russian sunflower oil by more than 25 percent and dried chickpeas by 74 percent, while Algeria boosted purchases of Russian soybean oil by more than a quarter, RSHB said.

Russia also increased exports of pork and pork by-products to China by 89percent year-on-year, reaching 37,000 tonnes, the bank added. That volume already amounts to nearly half of Russia's total pork exports to China for all of last year, RSHB said.

"Russian food exporters benefit from several major competitive advantages, including stable production volumes, established logistics routes, friendly relations with importers in Asia and Africa, and, of course, high product quality. This facilitates their expansion, including into premium segments of high-margin markets such as China and the Arab world," RSHB's Center for Industry Expertise said.

Forecasts published by the European Centre for Medium-Range Weather Forecasts in May said that the Pacific Ocean temperatures could rise more than 3 degrees Celsius above normal by September–October, potentially marking the second-highest El Nino temperature peak on record.

**Sputnik**

# U.S., Iran start talks at Buergenstock resort in Switzerland




BUERGENSTOCK June 21

U.S. and Iranian negotiators started talks Sunday at Buergenstock mountain resort in central Switzerland on implementing a memorandum of understanding (MoU) signed by the two sides to reach a final deal.

The talks mark the first round between the two sides after the signing of the MoU aimed at ending conflict on all fronts, including Lebanon.

U.S. Vice President JD Vance, who leads the U.S. negotiating team, said before the talks that the opening of the Strait of Hormuz and the ending of the Iranian nuclear program have already been accomplished.

"The question before us now is, how much more can we accomplish together? Can we turn over a new leaf? Can we change relations in the Middle East permanently? Or do we go back to doing things the old way, which is not our preference," Vance said.

The U.S. negotiating team also includes U.S. presidential envoy Steve Witkoff and President Donald Trump's son-in-law Jared Kushner.

The Iranian delegation includes Parliament Speaker Mohammad Bagher Ghalibaf and Foreign Minister Seyed Abbas Araghchi, as well as senior security, central bank and oil officials, according Iran's semi-official Fars news agency.

Pakistani and Qatari mediators are participating in the talks.

The head of the International Atomic Energy Agency (IAEA) Rafael Grossi is also at the site, as he said on social platform X that he met with Swiss Foreign Minister Ignazio Cassis there to discuss "recent developments regarding Iran" and other issues.

"At this critical moment, it's important to give diplomacy every opportunity to succeed," Grossi said.

**Xinhua**

# Egypt's president discusses U.S.-Iran MoU with Pakistani, Saudi, Turkish FMs

CAIRO June 21

Egyptian President Abdel-Fattah al-Sisi met on Sunday with the foreign ministers of Pakistan, Saudi Arabia, and Türkiye in Cairo to discuss regional developments and the implementation of the U.S.-Iran memorandum of understanding (MoU), the Egyptian presidency said in a statement.

The meeting came as Cairo hosted the fourth meeting of the quadrilateral group comprising Egypt, Saudi Arabia, Pakistan, and Türkiye, represented by Egypt's Foreign Minister Badr Abdelatty, Saudi Arabia's Prince Faisal bin Farhan Al Saud, Pakistan's Mohammad Ishaq Dar, and Türkiye's Hakan Fidan, the statement said.

Sisi said that recent regional developments have highlighted the central role of the four countries "as key pillars of regional security and stability," stressing the importance of developing this consultative mechanism into "an effective institutional framework capable of formulating comprehensive and sustainable solutions to the region's crises."

He reiterated Egypt's welcome of the U.S.-Iran MoU and praised Pakistan's effective role in "bringing viewpoints closer and bridging gaps between the two sides."

The Egyptian president also underscored Egypt's commitment to continue working with Saudi Arabia, Pakistan, Türkiye, and all Arab and regional countries to support the MoU's implementation and the success of the negotiation process between the two sides.

He also underlined the need to reach "a just and comprehensive solution to the Palestinian cause," describing it as "a fundamental prerequisite for achieving lasting and comprehensive stability in the region."

On a final agreement between the United States and Iran, the Egyptian president emphasized that it must guarantee the security of the Gulf Cooperation Council states and all Arab countries, address their concerns, and ensure "respect for state sovereignty and territorial integrity."

Following months of conflict, Washington and Tehran have recently signed the MoU as an interim step toward a final agreement.

**Xinhua**

# 7 killed, over 60 hospitalized after ammonia gas leak at seafood unit in India's Tamil Nadu

NEW DELHI June 21

At least seven people were killed and 67 others hospitalized Sunday following an ammonia gas leak at a seafood unit in the southern Indian state of Tamil Nadu, officials said.

According to officials, the ammonia leak originated from the seafood processing unit and spread across the premises. Workers present at the facility complained of breathing difficulties, while some suffered bleeding from the mouth and nose.

Although the affected workers were rushed to nearby private hospitals for treatment, seven of them, all women, succumbed.

Personnel from the police, disaster management, fire and emergency services, and health were immediately rushed to the spot to carry out rescue operations.

A 30-member team equipped with gas detection devices and other specialized rescue gear has been pressed into service to fix the leak.

**Xinhua**



►► From Page - 18

handmade landmines. Similarly, while conducting security operations near Kan Thar Village, troops discovered another temporary insurgent camp approximately 950 metres southeast of the village. Recovered items included 117 handmade grenades, two bags of paper-wrapped propellant, one bulletproof vest, 21 TNT booster charges, one enemy trench line, one enemy hall tent, one sleeping tent for 20 people, four iron beds, two motorcycles, one solar panel, one winch, one large winch cable, five two-way radios, and various components used for manufacturing handmade grenade casings.



Security forces seizing a temporary camp of terrorists near Kan Thar Village, Yenangyaung Township.

Separately, on 7 June, security forces operating in Natmauk Township encountered insurgents approximately 200 metres southwest of Ai Ma Village. A firefight ensued, resulting in the recovery of two insurgent bodies, one sniper rifle, and 1,200 rounds of 7.62mm ammunition.

Terrorist groups have been employing various tactics to intimidate and coerce local residents through armed force, carrying out arbitrary arrests and killings, and entering villages to commit acts of sabotage and destruction.

The Tatmadaw remains committed to maintaining regional stability and development. Responsible citizens who genuinely wish to contribute to peace and progress are encouraged to report any information on insurgent activities to the relevant authorities in confidence. Security forces will continue to intensify necessary operations to ensure lasting peace and stability in the region. **100**

# Another illegal seven-storey residential building used in committing online scam and gambling operations within the Shwe Kokko area has been systematically demolished, and destroyed

NAY PYI TAW June 21

As joint departmental teams are carrying out the permanent demolition and destruction of illegal buildings and the systematic destruction of equipment used in operations in the Shwe Kokko and KK Park areas of Myawady Township, Kayin State, where online scam gambling operations were based, it is reported that another illegal seven-storey residential building within the Shwe Kokko area was systematically demolished, and destroyed today.

Out of 77 buildings used in committing online scam gambling operations within the Shwe Kokko area, categorizing them by building type into 57 buildings to be demolished and destroyed with machinery and 20 buildings to be destroyed by blasting, systematic demolition and destruction are being carried out, and it is reported that out of the 20 buildings designated to be demolished and destroyed by blasting, another seven-storey residential building was systematically blasted and destroyed today.

It is reported that joint departmental teams have systematically demolished and destroyed a total of 62 illegal buildings used in committing online scam gambling operations up to today, and they will continue to systematically destroy the remaining 15 illegal buildings.

Preparation to blast and destroy with explosives an illegal seven-storey residential building where online scam gambling operations were conducted in the Shwe Kokko area of Myawady District, Kayin State.



The State Government, regarding anti-online scam and gambling operations as a national duty, is actively working in coordination with both domestic forces and neighbouring countries to ensure that such activities can never take root within Myanmar. **100**

An illegal seven-storey residential building where online scam gambling operations were conducted in the Shwe Kokko area of Myawady District, Kayin State.



After blasting and destroying an illegal seven-storey residential building where online scam gambling operations were conducted in the Shwe Kokko area of Myawady District, Kayin State.



## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# RIC Dialogue သို့မဟုတ် အာရှရဲ့အနာဂတ်ကိုပုံဖော်မယ့် မူဘောင်အသစ်တစ်ခု

**ယမန်နေ့မှအဆက်**

အိန္ဒိယနိုင်ငံအတွက် ပြန်ကြည့်ရင်တော့ RIC ဟာ သူတို့အတွက် မဟာဗျူဟာမြောက် လွတ်လပ်စွာ ရပ်တည်ခွင့်ကိုကာကွယ်ပေးနိုင်မှသာလျှင် တန်ဖိုးရှိမှာဖြစ်ပါတယ်။ အိန္ဒိယအနေနဲ့ RIC ကို အနောက်အုပ်စု ဆန့်ကျင်ရေးတပ်ဦးကြီးတစ်ခုအဖြစ် သတ်မှတ်ခံရတာမျိုး လုံးဝအဖြစ်ခံမှာမဟုတ်သလို Quad အဖွဲ့ကနေ အိန္ဒိယကိုဆွဲထုတ်ဖို့သုံးတဲ့ ကိရိယာတစ်ခုအဖြစ်လည်း အသုံးချခံမှာမဟုတ်ပါဘူး။ အိန္ဒိယနိုင်ငံအတွက် RIC ရဲ့ အသုံးဝင်မှုဟာ အဲဒီအချက်တွေရဲ့ ဆန့်ကျင်ဘက်မှာရှိနေပါတယ်။ ဆိုလိုတာက အိန္ဒိယအနေနဲ့ တံခါးပေါက်အများအပြားကို တစ်ပြိုင်နက်တည်းဖွင့်ထားနိုင်ဖို့ တစ်နည်းအားဖြင့် နိုင်ငံအားလုံးနဲ့ အဆင်ပြေအောင်ဆက်ဆံနိုင်ဖို့အတွက် RIC က ကူညီပေးနိုင်လို့ပဲ ဖြစ်ပါတယ်။

ဒီတော့ RIC ကို ပြန်အသက်သွင်းသင့်တယ်လို့ ပြောတဲ့အခါမှာ ဒါကြီးက အာရှတိုက်တစ်ခုလုံးကို ပြောင်းလဲပစ်နိုင်မယ်၊ တရုတ်-အိန္ဒိယ နယ်စပ်အငြင်းပွားမှုတွေကို ဖြေရှင်းနိုင်မယ်၊ အမေရိကန်နဲ့ တရုတ်တို့ကြားက အားပြိုင်မှုတွေကိုအဆုံးသတ်ပေးနိုင်မယ်၊ ဒါမှမဟုတ် ယူကရိန်းစစ်ပွဲရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကိုဖျောက်ဖျက်ပေးနိုင်မယ်လို့ ဆိုလိုတာ လုံးဝမဟုတ်ပါဘူး။ အဲဒီလိုပဲ BRICS၊ SCO၊ G20 ဒါမှမဟုတ် ဒေသတွင်းအဖွဲ့အစည်းတွေဦးဆောင်တဲ့ မူဘောင်တွေကို အစားထိုးဝင်ရောက်လာမယ့်အဖွဲ့အစည်းလည်း မဟုတ်ပါဘူး။

RIC ရဲ့ တန်ဖိုးဟာ အဲဒီလောက်အထိ ကြီးကျယ်ခမ်းနားမနေဘဲ ပိုပြီးရိုးရှင်းလှပါတယ်။ သူ့ရဲ့ အဓိကတန်ဖိုးက အာရှတိုက်အတွင်းတည်ငြိမ်မှုကို အဆုံးအဖြတ်ပေးနိုင်တဲ့အပြင် ကုန်းတွင်းပိုင်းအာရှဒေသ အဓိကအင်အားကြီး နိုင်ငံသုံးခုကြားမှာ အဆက်အသွယ်လမ်းကြောင်းတစ်ခု အမြဲပွင့်နေစေဖို့ပဲဖြစ်ပါတယ်။ ဒါဟာ သိပ်ပြီး အကန့်အသတ်ရှိတယ်လို့ ထင်ရပေမယ့် အဲဒီလိုအကန့်အသတ်ရှိနေခြင်းက အဓိကကျတဲ့အချက်ဖြစ်နေပါတယ်။ နိုင်ငံတကာဆက်ဆံရေးမှာ သေးငယ်တဲ့၊ ရိုးရှင်းတဲ့ ဆက်သွယ်ရေးလမ်းကြောင်းလေးတွေကတောင် များစွာအရေးပါတတ်ပါတယ်။

ယနေ့ခေတ် အာရှတိုက်ကြီးမှာ ကြုံတွေ့နေရတဲ့ အန္တရာယ်က နိုင်ငံတွေကြား ပြိုင်ဆိုင်မှုပြင်းထန်လာနေတာတစ်ခုတည်းမဟုတ်ပါဘူး။ အဖွဲ့အစည်းတွေကြားမှာ အချင်းချင်းချိတ်ဆက်ထားတဲ့ ဆက်သွယ်မှုယန္တရားတွေ ပျောက်ဆုံးလာခြင်းက ပိုကြောက်စရာကောင်းပါတယ်။ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းတွေဟာ တစ်ခုနဲ့တစ်ခု ပိုပြီးချိတ်ဆက်ရှုပ်ထွေးလာနေပါတယ်။ အခြားတစ်ဖက်မှာလည်း အနောက်အုပ်စုကို အားမကိုးချင်တဲ့ အစားထိုးပလက်ဖောင်းတွေက ပိုပြီး ပေါ်လွင်ထင်ရှားလာနေပါတယ်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုတာတွေကလည်း ပိတ်ဆို့အရေးယူမှုတွေ၊ သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံမှုတွေ၊ ပို့ကုန်ကန့်သတ်ချက်တွေနဲ့ ကုန်စည်ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မယ့် စိုးရိမ်ပူပန်မှုတွေရဲ့ ဒဏ်ကို ပိုပိုပြီးခံစားလာနေရပါတယ်။ ဒီလိုမျိုးကွဲပြားနေတဲ့အလွှာတွေကို ပြန်လည်ချိတ်ဆက်ပေးမယ့် လမ်းကြောင်းတွေသာမရှိရင် အဖွဲ့အစည်းတွေဟာ ပြိုင်ဆိုင်မှုတွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့စီမံပေးဖို့ထက် ပြိုင်ဆိုင်မှုတွေကို ထပ်မံပွားများလာအောင်ပဲ လုပ်ဆောင်သလို ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် လက်တွေ့ကျတဲ့လုပ်ငန်းစဉ်တွေချမှတ်ရာမှာ ကြီးကျယ်ခမ်းနားတဲ့ကြေညာချက်ကြီးတွေထုတ်ပြန်တာမျိုးကိုရှောင်ကြဉ်ပြီး နိုင်ငံသုံးနိုင်ငံစလုံး အကျိုးစီးပွားတူညီပေမယ့် ယုံကြည်မှု အပြည့်အဝမရှိသေးတဲ့ကဏ္ဍတွေကနေ စတင်သင့်ပါတယ်။ ဥပမာအားဖြင့် - စွမ်းအင်ဖူလုံရေး၊ စားနပ်ရိက္ခာနဲ့ မြေသြဇာရရှိရေး၊ အရေးပါတဲ့ မြေရှားသတ္တုများ၊ ပြည်သူ့ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနဲ့ အာဖဂန်နစ္စတန်အပါအဝင် ဗဟိုအာရှနိုင်ငံတွေနဲ့ဆက်ဆံရေး စတဲ့ကိစ္စရပ်တွေဖြစ်ပါတယ်။ ဒီအကြောင်းအရာတွေဟာ ကွဲပြားကြေမွနေတဲ့ ကမ္ဘာ့အခင်းအကျင်းအသစ်မှာ တည်ငြိမ်မှုကိုတည်ဆောက်ဖို့အတွက် လက်တွေ့အကျဆုံး အုတ်မြစ်တွေပဲဖြစ်ပါတယ်။

ရှေ့ဆက်ရမယ့် လမ်းခရီးကိုတော့ အလွန်သတိကြီးကြီးထားပြီး လျှောက်လှမ်းသင့်ပါတယ်။ ပထမအနေနဲ့ ပညာရှင်တွေပါဝင်တဲ့ ဆွေးနွေးပွဲတွေကနေမှတစ်ဆင့် အခြေအနေကို ကြိုတင်ပြင်ဆင်သင့်ပါတယ်။ အဲဒီနောက်မှာ အဆင့်မြင့်အရာရှိကြီးတွေက တိုင်ပင်ဆွေးနွေးလို့ရမယ့် ကန့်သတ်နယ်ပယ်လေးတွေကို ဖော်ထုတ်ရပါမယ်။ နိုင်ငံခြားရေးဝန်ကြီးများအဆင့်ဆွေးနွေးပွဲတွေကိုတော့ BRICS၊ G20 သို့မဟုတ် ကုလသမဂ္ဂအထွေထွေညီလာခံတွေလို ကြီးမားတဲ့ အစည်းအဝေးကြီးတွေရဲ့ ဘေးပန်းဆွေးနွေးမှုအဖြစ် အလွတ်သဘောကျင်းပသွားလို့ ရပါတယ်။ နိုင်ငံ့ခေါင်းဆောင်တွေအဆင့် ထိပ်သီးတွေ့ဆုံပွဲကိုတော့ နိုင်ငံရေးအရအခြေအနေတွေ အပြည့်အဝ အဆင်ပြေခွင့်ပြုနိုင်တဲ့အချိန်ကျမှသာ ကျင်းပသင့်ပါတယ်။

ဒီလုပ်ငန်းစဉ်တွေမှာ စွန့်စားရမှုတွေကလည်း အမှန်တကယ်ရှိနေပါတယ်။ တကယ်လို့များ RIC ကို အနောက်အုပ်စုကိုဆန့်ကျင်မယ့် အဖွဲ့တစ်ခုအဖြစ် ပုံဖော်လိုက်မယ်ဆိုရင် သူ့ရဲ့ ယုံကြည်ကိုးစားရမှုက ချက်ချင်းကျဆင်းသွားပါလိမ့်မယ်။ ဒေသတွင်း တည်ငြိမ်ရေးကိုမရှေးရှုဘဲ ပိတ်ဆို့အရေးယူမှုတွေကိုသာ ရှောင်လွှဲဖို့လုပ်တဲ့ယန္တရားအဖြစ် ချိတ်ဆက်အသုံးချခံရမယ်ဆိုရင်လည်း နိုင်ငံရေးအရပေးဆပ်ရမှုတွေ ကြီးမားသွားပါလိမ့်မယ်။ အကယ်၍ တရုတ်နဲ့အိန္ဒိယကြားက တင်းမာမှုတွေသာ အရှိန်မြင့်လာခဲ့ရင်လည်း RIC ယန္တရားကြီး ရပ်တန့်သွားမှာဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘဲ ဝင်ရိုးစုံနိုင်ငံအများအပြားပါဝင်လာရေးဆိုတဲ့ ကြွေးကြော်သံတွေ၊ ဆောင်ပုဒ်တွေကိုသာ အော်နေမယ်ဆိုရင်လည်း ပြယုဂ်တစ်ခုအဆင့်မှာပဲ ရပ်တန့်နေပါလိမ့်မယ်။

ဒီလိုမျိုးစိန်ခေါ်မှုတွေ ရှိနေပေမယ့်လည်း RIC ကို အရေးမပါဘူးဆိုပြီး လျစ်လျူရှုပစ်ပယ်လိုက်မယ်ဆိုရင်တော့ ဒါဟာအမှားကြီးတစ်ခုဖြစ်သွားပါလိမ့်မယ်။ ဒီသုံးပွင့်ဆိုင်ဆွေးနွေးမှုပုံစံရဲ့ အဓိကအရေးပါမှုဆိုတာ အဖွဲ့အစည်းအသစ်ကြီးတစ်ခု၊ ဝင်ရိုးတန်းအသစ်တစ်ခုတည်ဆောက်ဖို့ မဟုတ်ပါဘူး။ နိုင်ငံရေးအုပ်စုကြီးတွေဖွဲ့ကာ အချင်းချင်းအားပြိုင်ကြမယ့် သဘောတရားကို ခုခံတွန်းလှန်နိုင်ဖို့အတွက် ကူညီပေးဖို့ပဲဖြစ်ပါတယ်။ မဟာမိတ်အဖွဲ့အစည်းတွေ တစ်နေ့ထက်တစ်နေ့ ပိုမိုတင်းကျပ်လာချိန်၊ အခြားတစ်ဖက်က အစားထိုးအဖွဲ့အစည်းတွေ ပိုမိုကျယ်ပြန့်လာချိန်၊ ပြီးတော့ စီးပွားရေးအရ အပြန်အလှန်မှီခိုနေရမှုတွေကို နိုင်ငံရေးလက်နက်အဖြစ်အသုံးချလာချိန်တွေမှာ ရုရှား၊ အိန္ဒိယနဲ့ တရုတ်တို့အနေနဲ့ စားပွဲဝိုင်းမှာဆက်လက်ထိုင်ပြီး ဆွေးနွေးပြောဆိုနေနိုင်စွမ်းရှိခြင်းဟာ ကိုယ်တိုင်က အင်မတန် အဖိုးတန်လှတဲ့ မဟာဗျူဟာမြောက်အင်အားတစ်ခုပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင်တော့ RIC ဆိုတဲ့ သုံးပွင့်ဆိုင်ယန္တရားကြီးဟာ အာရှတိုက်ရဲ့အနာဂတ်တစ်ခုလုံးကို အလုံးစုံ အဆုံးအဖြတ်ပေးနိုင်မှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သတိကြီးကြီးထားပြီး စနစ်တကျသာ ပြန်လည်အသက်သွင်းနိုင်ခဲ့မယ်ဆိုရင် အာရှရဲ့အနာဂတ်ဟာ အုပ်စုကွဲပြိုင်ဆိုင်မှုတွေချည်းသက်သက်နဲ့သာ အဆုံးအဖြတ်ခံရမယ့်အခြေအနေမျိုးမရောက်သွားအောင် ကူညီပေးနိုင်မယ့်အရေးပါတဲ့ မူဘောင်အသစ်တစ်ခု ဖြစ်လာနိုင်တယ်ဆိုတာကိုတော့ မြင်တွေ့ရမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**Ref: ST**

**ထက်မြတ်**



## အရှေ့အလယ်ပိုင်းစစ်ပွဲ၌ အီရန်တို့အနိုင်ရရှိဟု အစ္စရေးနိုင်ငံသားများ ယုံကြည်

**ဂျေရုဆလင်၊ စစ်ရေး**

ဂျေရုဆလင်မြို့ရှိ ဟီဘရူးတက္ကသိုလ်နှင့် အာဂမ်အဖွဲ့အစည်းတို့ ပူးပေါင်းလုပ်ဆောင်သော သုတေသနစစ်တမ်းတစ်ခုတွင် အရှေ့အလယ်ပိုင်းစစ်ပွဲ၌ အီရန်နိုင်ငံက အနိုင်ရသည့်နိုင်ငံဖြစ်ကြောင်း အစ္စရေးနိုင်ငံသားအများစုက ယုံကြည်ကြသည်ဟု ဇွန်လ ၂၁ ရက်တွင်ထုတ်ပြန်သော စစ်တမ်း၌ ဖော်ပြထားသည်။

အဆိုပါစစ်တမ်းကောက်ယူမှုကို ဇွန်လ ၁၇ ရက်မှ ၂၀ ရက်အထိလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အစ္စရေးပြည်သူ ၃၆၄၄ ဦးပါဝင်ဖြေဆိုထားခြင်းဖြစ်သည်။ စစ်တမ်းတွင် ပါဝင်သူများအနက် ၉၂ ဒသမ ၁ ရာခိုင်နှုန်းက အီရန်နိုင်ငံကို ပဋိပက္ခတွင်အနိုင်ရသည့်နိုင်ငံအဖြစ်လည်းကောင်း၊ ၈၂ ဒသမ ၉ ရာခိုင်နှုန်းက အစ္စရေးနိုင်ငံ၏ရေရှည်လုံခြုံရေးအခြေအနေသည် အားနည်းလာနေပြီဟုယုံကြည်ကြောင်း ဖြေဆိုထားသည်။

ထို့ပြင် အမေရိကန်-အီရန်သဘောတူညီချက်နှင့်ပတ်သက်၍ စစ်တမ်းတွင်ပါဝင်သူ ၆၃ ဒသမ ၂ ရာခိုင်နှုန်းက ထိုသဘောတူညီချက်ကို ကန့်ကွက်ထားကြောင်းနှင့် ထောက်ခံသူ ၁၂ ဒသမ ၁ ရာခိုင်နှုန်းသာရှိကြောင်း၊ တစ်ချိန်တည်းမှာပင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ခေါင်းဆောင်မှုနှင့်ပတ်သက်၍ စစ်တမ်းတွင်ပါဝင်သူ ၇၁ ဒသမ ၅ ရာခိုင်နှုန်းက အစ္စရေးအနေဖြင့် စစ်ရေးရည်မှန်းချက်များကို အောင်မြင်ခြင်းမရှိကြောင်းနှင့် ၅၆ ဒသမ ၄ ရာခိုင်နှုန်းက နေတန်ယာဟု၏စီမံခန့်ခွဲမှုညံ့ဖျင်းကြောင်းဖြေထားသည်။ **Ref: AGC**

# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှုအနေဖြင့် ဇွန်လ (မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လအတွင်း (မိုးလယ်ကာလ)တွင် တစ်ကြိမ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း (မိုးနှောင်းနှင့် မိုးလွန်ကာလ)တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြိုတင်သတိပြု ရှောင်ရှားရန် လိုအပ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုကြောင့် နေအိမ်အဆောက်အဦပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန် သေဆုံး၊ ထိခိုက်/ဒဏ်ရာ ရရှိမှုများပြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေး မဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက် ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။
(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်း များနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။
(ဂ) ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍မြင့်သော နေရာတွင်ထားရှိပါ။
(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ။
(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။
(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုး ပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ။
(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်း များကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါ တို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက် များကိုလိုက်နာပါ။ အခြားသူများကိုမျှဝေပါ။
(ခ) တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီး ပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်း များဖြစ်နိုင်ကြောင်း သတိပြုကြပါ။
(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက် စာတမ်းများကို မိမိနှင့်အတူထားရှိပါ။
(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့် သူ စသည်တို့အားရေးသားပြီး မိသားစုဝင်တိုင်းယူဆောင် ထားပါ။
(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ် ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက် ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက် များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက် များကိုလိုက်နာပါ။
(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကိုပိတ်ထားပါ။
(ဂ) သောက်သုံးရေသန့် (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲ သောက်သုံးပါ။
(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ။
(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ် ပါနှင့်။
(စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်း၊ ကမ်းပါးတိုက်စား ပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့မသွားပါနှင့်။
(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါ နှင့်။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက် ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။
(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေ ကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့မဟုတ်) မြေမြှုပ် ခြင်းများပြုလုပ်ပါ။
(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်သစ်ပင် သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။
(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကိုဂရုပြုပါ။
(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။
(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ် သည့် ကောလာဟလသတင်းများကိုမယုံပါနှင့်။
(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။
(ဇ) ရေစိုပြီးအနံ့အသက်မကောင်းသော အစားအစာများ မစား ပါနှင့်။
(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ် ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇- ၃၄၀၄၇၇၇ တို့ကိုဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မိုးကြိုးဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်



# ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် Documentary(သို့) ပညာပေးဇာတ်လမ်းတို (Short Film)ပြိုင်ပွဲများအတွက် ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၁

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် Documentary(သို့) ပညာပေးဇာတ်လမ်းတို(Short Film)ပြိုင်ပွဲများအတွက် ဆုရသူများစာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

**ဆောင်ပုဒ်**ပြိုင်ပွဲတွင် ဒေါ်ဖြူဖြူစိန်(လင်းလက်မေ) နေပြည်တော်မှ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"**၊ ဦးကျော်အောင်(ကောင်းစံသစ်-ပုသိမ်) ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ **"လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ လူငယ်များဘဝမြှင့်တင်ကြ ဝိုင်းဝန်းကာကွယ်တားဆီးမှ"**၊ ဦးဝင်းတင် နေပြည်တော်မှ **"မူးယစ်ကင်းစင်- တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြ-လုံခြုံလှ"**၊ မောင်ဖြိုးသက်အောင် မြဝတီရုပ်မြင်သံကြားမှ **"နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကိုအမြစ်ဖြတ်စို့"**နှင့် ဦးစိန်ဝင်း(ပန်းမြိုင်လယ်စိန်ဝင်း) ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီးမှ **"ဗလငါးတန်နိုင်မြဲဖို့ မူးယစ်ဆေးကိုတိုက်ဖျက်စို့"** ဆောင်ပုဒ်တို့က ဆုများရရှိကြသည်။

**ဝတ္ထုတို**ပြိုင်ပွဲတွင် ဦးစိုးမိုးကျော်(သားကျော်)၏ **"နေမင်းနှင့် မျက်နှာချင်းဆိုင်၍"** ဝတ္ထုတိုက ပထမ၊ ဦးစိန်ဝင်း(ကိုကြီးစိန်-ဟသ်ာတ)၏ **"မုန်းလို့တော့ဖြင့် မဟုတ်ပါပြီ"**ဝတ္ထုတိုက ဒုတိယနှင့် ဦးအေးကြူ(မောင်ငြိမ်းမွန်-ချောင်းဦး)၏ **"အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်စို့"** ဝတ္ထုတိုက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ်ဒေါ်စုသက်မှူး(စုသက်မှူး-မရမ်းကုန်း)၏ **"အမှောင်နံ့ရံ့ကို ဖြူခွင်းခဲ့သော အဖြူရောင်လက်များ"** ဝတ္ထုတိုက အထူးဆု(၁)၊ မောင်ဖိုးပြုံး(စမ်းဝေသာ-ပညာရေး)၏ **"အမှောင်နှံ့ထဲက ရုန်းထွက်တဲ့ကြာ"** ဝတ္ထုတိုက အထူးဆု(၂)နှင့် ဦးထွန်းအောင်သိန်း(ခိုင်ချစ်အောင်)၏ **"လွယ်လွယ်နဲ့ရ သုံးစွဲကြ၊ မူးယစ်သားကောင်ဖြစ်နေရ၊ ဝိုင်းဝန်းကာကွယ်တားဆီးမှ"** ဝတ္ထုတိုက အထူးဆု(၃)တို့ရရှိကြသည်။

**ဆောင်းပါး**ပြိုင်ပွဲတွင် ဒေါက်တာအိလှိုင်းသက်ဇာ၏ **"မူးယစ်ကင်းစင်-တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြ-လုံခြုံလှ"** ဆောင်းပါးက ပထမ၊ ဒေါ်ဝင်းမာမြင့်(အင်ကြင်းမေ)၏ **"ဗလငါးတန်နိုင်မြဲဖို့ မူးယစ်ဆေးကိုတိုက်ဖျက်စို့"** ဆောင်းပါးက ဒုတိယနှင့် ဦးဝင်းဇော်(ကောင်းစည်သူ)၏ **"နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"**ဆောင်းပါးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်တင်ထက်ထက်ဇော်(ပေါက်ပေါက်)၏ **"ဗလငါးတန်နိုင်မြဲဖို့ မူးယစ်ဆေးကိုတိုက်ဖျက်စို့"**ဆောင်းပါးက အထူးဆု(၁)၊ ဦးမျိုးဝင်း(မျိုးဝင်း-ပြည်)၏ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"** ဆောင်းပါးက အထူးဆု(၂)နှင့် ဒေါက်တာအေးအေးတင့်(သစ္စာခင်)၏ **"လူငယ်များဘဝလှပဖို့ မူးယစ်ဆေးကို ဝိုင်းဝန်းတိုက်ဖျက်စို့"**ဆောင်းပါးက အထူးဆု(၃)တို့ ရရှိကြသည်။

**ကဗျာ**ပြိုင်ပွဲတွင် ဗိုလ်ကြီးညွန့်ဝင်း(ငြိမ်း)(ဘုန်းမောင်ဝင်း-ဖျာပုံ)၏ **"ဗလငါးတန်နိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"** ကဗျာက ပထမ၊ ဦးမြထွန်း(မြတ်ထွဏ်းနောင်)၏ **"မူးယစ်အစ အလွယ်က -ဝိုင်းဝန်းတားဆီးကာကွယ်ကြ"**ကဗျာက ဒုတိယနှင့် ဒေါ်စမ်းစမ်းအေး(စမ်းစမ်းမနောမြေ)၏ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"**ကဗျာက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးစိန်ငွေး(ငွေးသစ်လွင်-ပရိမ္မ)၏ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"** ကဗျာက အထူးဆု(၁)၊ ဒေါ်ဝင်းမာမြင့်(အင်ကြင်းမေ)၏ **"ဗလငါးတန်နိုင်မြဲဖို့ မူးယစ်ဆေးကိုတိုက်ဖျက်စို့"**ကဗျာက အထူးဆု(၂)နှင့် ဦးမြင့်သိန်း(မောင်မင်းသိမ်း-သရက်)၏ **"ဗလငါးတန်နိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"** ကဗျာက အထူးဆု(၃)တို့ရရှိကြသည်။

**တေးသီချင်း**ပြိုင်ပွဲတွင် ဦးဗိုလ်စိုး(ဗိုလ်စိုး)၏ **"အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်စို့"** တေးသီချင်းက ပထမ၊ ဦးသောင်းလွင်(ဆရာမြတ်သန်းစံ)၏ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"**တေးသီချင်းက ဒုတိယနှင့် ဦးဉာဏ်ပိုင်စိုး(ခ) ဦးသူရစိုး(စစ်သူ)၏ **"မြန်မာကမ္ဘာစောင့်ရှောက်ပါမည်"**တေးသီချင်းက တတိယဆုများရရှိကြပြီး အထူးဆုအဖြစ် ဦးအောင်တင်(မဟာအောင်)၏ **"တက်ညီလက်ညီ အပြီးတိုင်ရှင်းလင်း"**တေးသီချင်းက အထူးဆု(၁)၊ ဦးစိုးသီဟ(ဦးစိုးသီဟ)၏ **"ကင်းဝေးရမယ် မူးယစ်အန္တရာယ်"** တေးသီချင်းက အထူးဆု(၂)နှင့် ဦးဇော်လင်းသိန်း(ဇော်လင်းသိန်း)၏ **"လူငယ်လူရွယ်ကျန်းမာလို့ အနာဂတ်တွေလှပဖို့ မူးယစ်ဆေးဝါးရှောင်ကြစို့"** တေးသီချင်းက အထူးဆု(၃)တို့ရရှိကြသည်။

**ဓာတ်ပုံ**ပြိုင်ပွဲတွင် ဦးမျိုးမင်းကြွယ်(မျိုးမင်းကြွယ်-ရွှေတောင်ကြား)၏ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"**ခေါင်းစဉ်ဖြင့် ပထမ၊ ဦးအောင်မင်းဦး၏ **"နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"**ခေါင်းစဉ်ဖြင့် ဒုတိယ၊ ဦးဇာနည်ထွန်း (ရွှေပန်းချီ)(ဇာနည်ထွန်း- ရွှေပန်းချီ-ရမည်းသင်း)၏ **"နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"**ခေါင်းစဉ်ဖြင့် တတိယဆုများရရှိကြပြီး အထူးဆုအဖြစ် ဦးမျိုးမင်းကြွယ်(မျိုးမင်းကြွယ်-ရွှေတောင်ကြား)၏ **"ဗလငါးတန်နိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"** ခေါင်းစဉ်ဖြင့် အထူးဆု(၁)၊ ဦးအေးလွင်ဦး (မင်းလွင်ဦးမောင်)၏ **"လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ၊ ဝိုင်းဝန်းကာကွယ်တားဆီးမှ"**ခေါင်းစဉ်ဖြင့် အထူးဆု(၂)နှင့် ဦးအောင်ကျော်ထွန်း(အောင်ကျော်ထွန်း-ပုသိမ်ကြီး)၏ **"နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကိုအမြစ်ဖြတ်စို့"**ခေါင်းစဉ်ဖြင့် အထူးဆု(၃)တို့ရရှိကြသည်။

**ကွန်ပျူတာပိုစတာ**ပြိုင်ပွဲတွင် မနှင်းဝတ်မှုန်အောင် (ကြည်သာနှင်း)၏ **"လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ၊ ဝိုင်းဝန်းကာကွယ်တားဆီးမှ"**က ပထမ၊ ဦးအောင်စည်သူ၏ **"နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"**က ဒုတိယနှင့် ဦးသက်ပိုင်ဖြိုး(ဂိုးဂိုး)၏ **"နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"**က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးဉာဏ်လင်းထွန်း၏ **"ဗလငါးတန်နိုင်မြဲဖို့ မူးယစ်ဆေးကိုတိုက်ဖျက်စို့"**က အထူးဆု(၁)၊ ဦးနိုင်သူရ၏ **"အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်စို့"**က အထူးဆု(၂)နှင့် ဦးအေးလွင်ဦး(မင်းလွင်ဦးမောင်)၏ **"အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်စို့"**က အထူးဆု(၃)တို့ရရှိကြသည်။

**ပန်းချီမူလတန်းအဆင့်**ပြိုင်ပွဲတွင် မောင်ဘုန်းခန့်ကျော်၊ အောင်မြေအင်အားကိုယ်ပိုင်အလယ်တန်းကျောင်း၊ သန်လျင်မြို့နယ်က ပထမ၊ မကေရီဇော်၊ အမက(ငွေးပင်)၊ ကျောက်တန်းမြို့နယ်က ဒုတိယနှင့် မအေးချမ်းဇော်၊ အထက(၈)(ညောင်ပင်စောက်) မုံရွာမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ကျော်ဇေရှိုင်း၊ အလက(လေ့ကျင့်ရေး) တောင်ဥက္ကလာပမြို့နယ်က အထူးဆု(၁)၊ မပြည့်မှူးသဒ္ဒါစိုး အလက(မြို့မ)ကျောက်တန်းမြို့နယ်က အထူးဆု(၂)နှင့် မဆုပြည့်ရတီ၊ အလက(ခွဲ)(ပေါင်းလောင်း) ပျဉ်းမနားမြို့နယ်က အထူးဆု(၃)တို့ရရှိကြသည်။

**ပန်းချီအလယ်တန်းအဆင့်**ပြိုင်ပွဲတွင် မောင်မြတ်မင်းဇော် ကောင်းစုစံပညာရိပ်မွန်ကိုယ်ပိုင်ကျောင်း၊ ရွှေပြည်သာမြို့နယ်က ပထမ၊ မမိရွှေရည်ဖူးပွင့် အထက(၉)မော်လမြိုင်မြို့နယ်က ဒုတိယနှင့် မောင်စွမ်းဇေယျာ အထက(၁)မိုးညှင်းမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မရှင်းသန့်လင်း အလက(မြို့မ)ကျောက်တန်းမြို့နယ်က အထူးဆု(၁)၊ မနှင်းဧကရီလင်း စံမြင့်မော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြောက်ဒဂုံမြို့နယ်က အထူးဆု(၂)နှင့် မနှင်းထက်စိုပြေ အထက(၁)ဇလွန်မြို့နယ်က အထူးဆု(၃)တို့ရရှိကြသည်။

**ပန်းချီအထက်တန်းအဆင့်**ပြိုင်ပွဲတွင် မောင်ပြည့်စုံမြတ်သူ အထက(၁)ဒဂုံမြို့နယ်က ပထမ၊ မောင်ရဲမွန်အောင် အထက(၁)မိုးညှင်းမြို့နယ်က ဒုတိယနှင့် မမေမြတ်သူ အထက(၆)တောင်ကြီးမြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်စံမင်းမြတ် IEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်က အထူးဆု(၁)၊ မနွေးနွေးလှိုင် အောင်မြင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မော်လမြိုင်မြို့က အထူးဆု(၂)နှင့် မဖူးကေခြည် Myayadanar Coach ကိုယ်ပိုင်ကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်က အထူးဆု(၃)တို့ရရှိကြသည်။

**ကာတွန်းမူလတန်းအဆင့်**ပြိုင်ပွဲတွင် မောင်ဖြိုးသီဟကျော် အလက(မြို့မ) ကျောက်တန်းမြို့နယ်က ပထမ၊ မောင်ဟိန်းပြည့်စုံ အလက(မြို့မ) ကျောက်တန်းမြို့နယ်က ဒုတိယနှင့် မဖူးပြည့်သဇင် အလက(ခွဲ)(စက်သစ်)သံဖြူဇရပ်မြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဆုကျော်သူထက် အမက(၂၂) မြောက်ဒဂုံမြို့နယ်က အထူးဆု(၁)၊ မထက်ဝတ်ရည်လင်း အမက(စံချိန်မီ) ကျောက်တန်းမြို့နယ်က အထူးဆု(၂)နှင့် မဆုမြတ်ကြယ်စင် အမက(အောင်သုခ) ကျောက်တန်းမြို့နယ်က အထူးဆု(၃)တို့ရရှိကြသည်။

**ကာတွန်းအလယ်တန်းအဆင့်**ပြိုင်ပွဲတွင် မရွှေဝန်းရံအောင် အထက(၂) ကျောက်တန်းမြို့နယ်က ပထမ၊ မပန်းသခင်ဝင်းကျော် TTEC A-1 ကျောက်တန်းမြို့နယ်က ဒုတိယနှင့် မောင်ဟိန်းသူရိန်နိုဘယ်(လ်)ရတနာကိုယ်ပိုင်ကျောင်း၊ တောင်ဥက္ကလာပမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဘုန်းစစ်သျှန် အထက(၁) ကျောက်တန်းမြို့နယ်က အထူးဆု(၁)၊ မဆုလှဲ့သဒ္ဒါ TTEC A-1 ကျောက်တန်းမြို့နယ်က အထူးဆု(၂)နှင့် မသဒ္ဒါလင်းသိန်း ထူးချွန်ကိုယ်ပိုင်ကျောင်း၊ ကျောက်တန်းမြို့နယ်က အထူးဆု(၃)တို့ရရှိကြသည်။

**ကာတွန်းအထက်တန်းအဆင့်**ပြိုင်ပွဲတွင် မောင်မင်းခန့်ကျော်သူ အထက(၅) မြောက်ဒဂုံမြို့နယ်က ပထမ၊ မကျော့ယမင်းခိုင် အထက(၁)ဒဂုံ၊ သဃ်န်းကျွန်းမြို့နယ်က ဒုတိယနှင့် မောင်ပြည့်စွမ်းဇော် အထက(၁) ကျောက်တန်းမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဇင်မင်းအောင် အထက(ပန်းတိုင်)ထန်းတပင်မြို့နယ်က အထူးဆု(၁)၊ မဂျူးဂျူးဝတ်ရည် အထက(၄)မကွေးမြို့က အထူးဆု(၂)နှင့် မလှုဂျာ အထက(၉)မြစ်ကြီးနားမြို့က အထူးဆု(၃)တို့ရရှိကြသည်။

**ပိုစတာမူလတန်းအဆင့်**ပြိုင်ပွဲတွင် မောင်ကောင်းပြည့် အထက(၁)မိုးညှင်းမြို့နယ်က ပထမ၊ မမြတ်မိုးသဇင် မူလွန်(အိုးတန်းကျောင်း) စစ်တွေမြို့က ဒုတိယနှင့် မဆုသံစဉ်မောင် BMA ကိုယ်ပိုင်အလယ်တန်းကျောင်း၊ မကွေးမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မရှင်းသန့်မြင့်မိုရ် အလက(မြို့မ) ကျောက်တန်းမြို့နယ်က အထူးဆု(၁)၊ မောင်ကျန်စစ်သွေး အလက(၃) ဟသ်ာတမြို့နယ်က အထူးဆု(၂)နှင့် မကေရီဇော် အမက(ငွေးပင်)ကျောက်တန်းမြို့နယ်က အထူးဆု(၃)တို့ရရှိကြသည်။

**ပိုစတာအလယ်တန်းအဆင့်**ပြိုင်ပွဲတွင် မောင်သက္ကရာဇ် အထက(၁၀) တောင်ကြီးမြို့က ပထမ၊ မပန်ဆုပြည့်သျှန် The Gread Success ကိုယ်ပိုင်ကျောင်း၊ မြောက်ဒဂုံမြို့နယ်က ဒုတိယနှင့် မနှင်းဧကရီလင်း စံမြင့်မော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြောက်ဒဂုံမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဟန်နီကိုကို ဥယျာဉ်မှူးကိုယ်ပိုင်အလယ်တန်းကျောင်း၊ မကွေးမြို့က အထူးဆု(၁)၊ မဆုမြတ်မိုး အထက(၁) ကျောက်တန်းမြို့နယ်က အထူးဆု(၂)နှင့် မမြတ်မှူးအိမ် အထက(၂)သော်ကကျောင်း၊ ကျောက်တန်းမြို့နယ်က အထူးဆု(၃)တို့ရရှိကြသည်။

**ပိုစတာအထက်တန်းအဆင့်**ပြိုင်ပွဲတွင် မောင်ပြည့်စုံမြတ်သူ အထက(၁)ဒဂုံမြို့နယ်က ပထမ၊ မထက်ဦးရတီ လမ်းပြကြယ်ကိုင်ပိုင်အထက်တန်းကျောင်း၊ မကွေးမြို့က ဒုတိယနှင့် မသော်တာလရောင် အထက(ခွဲ)ဆားစည်၊ မကွေးမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ပြည့်စွမ်းဇော် အထက(၁) ကျောက်တန်းမြို့နယ်က အထူးဆု(၁)၊ မဆုပြည့်ပြည့်ကျော် ပန်းပျိုးခင်းကိုယ်ပိုင်ကျောင်း၊ ဖြူးမြို့က အထူးဆု(၂)နှင့် မောင်မင်းခန့်ကျော်သူ အထက(၅) မြောက်ဒဂုံ စာမျက်နှာ ၂၆ သို့ ➡



# သနပ်ပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများဆောင်ရွက်

သနပ်ပင် ဇွန် ၂၁

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို သနပ်ပင်မြို့နယ် မကြက်စုကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသား၊ ကျောင်းသူများအား ဇွန်လ ၂၁ ရက် နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မကြက်စုကျေးရွာရှိကျောင်းသား၊ကျောင်းသူများအား အသက် ၁၀ နှစ်အထက် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းကို နေ့ချင်းပြီးဆောင်ရွက်ပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်မျိုးဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးမျိုးဝင်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဇော်ဝင်းထိုက်တို့ တက်ရောက်၍ ကျောင်းသား၊ ကျောင်းသူ ၁၄၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ လက်ဝယ်အရောက်ပေးအပ်ကြောင်း သိရသည်။

**နိုင်ထွန်း**

| MWD Variety Channel | | ၂၂-၆-၂၀၂၆(တနင်္လာနေ့) |
|---|---|---|
| ၁။ | ၀၉:၄၅ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |
| ၂။ | ၁၀:၅၀ | Countries of the World |
| ၃။ | ၁၂:၄၅ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၄။ | ၁၆:၃၀ | လူငယ်များရဲ့စွမ်းပကား နိုင်ငံတော်ရဲ့အား |

➡ စာမျက်နှာ ၂၅ မှအဆက်

မြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ကွန်ပျူတာပန်းချီအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မအိမ့်ချြူးသံစဉ်မြတ်သူ အထက(၁)ဒဂုံ ဗဟန်းမြို့နယ်က ပထမ၊ မမိချော အိန္ဒြေလင်း ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း မော်လမြိုင်မြို့နယ်က ဒုတိယနှင့် မခွန်းချိုသာ ကံ့ကော်မြေကိုယ်ပိုင်အထက်တန်းကျောင်း မကွေးမြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မမဟာနွယ် အလက(ခွဲ)စက်သစ် သံဖြူဇရပ်မြို့နယ်က အထူးဆု(၁)၊ မမိစလွမ်းထော အလက(ခွဲ)စက်သစ် သံဖြူဇရပ်မြို့နယ်က အထူးဆု(၂)နှင့် မောင်အောင်ခန့်သော် အထက(ပထက်)ကျွန်းစုမြို့နယ်က အထူးဆု(၃)တို့ရရှိကြသည်။

**ကွန်ပျူတာပန်းချီအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်ပြည့်စုံမြတ်သူ အထက(၁)ဒဂုံ ဗဟန်းမြို့နယ်က ပထမ၊ မောင်အိုက်ဝမ်း အထက(၉)မြစ်ကြီးနားမြို့က ဒုတိယနှင့်မခေတ်ဇန်နဝါရီခင် အထက(ခွဲ) အလက(၄)မော်လမြိုင်မြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဂရေ့စ်ဆိုင်းထွယ် အလက(၈) မြစ်ကြီးနားမြို့က အထူးဆု(၁)၊ မောင်ခန့်ဇော်ဟိန်း အလက(ပထက်)ကျွန်းစုမြို့နယ်က အထူးဆု(၂)နှင့် မအိသဥ္ဇာဝင်း အမှတ်(၁)ကိုယ်ပိုင်အထက်တန်းကျောင်း စကုမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

Documentary(သို့)ပညာပေးဇာတ်လမ်းတို(Short Film)ပြိုင်ပွဲ ဖိတ်ခေါ်ခဲ့သော်လည်း ဒေါ်အေးအေးစိုး(မေသော်ခိုင်)နှင့် ဦးသန်းဝင်း(ဖွဲ့ဝင်းနိုင်-ရွှေ-ရွှေမင်းသား) တို့ နှစ်ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲဝင် နှစ်ဦး၏လက်ရာများကို ပြိုင်ပွဲစိစစ်ရေးအဖွဲ့မှဆုချီးမြှင့်ရန်အတွက် ရွေးချယ်ပေးနိုင်ခြင်းမရှိခြင်းကြောင့် ဝင်ရောက်ယှဉ်ပြိုင်သူများဖြစ်သည့် ဒေါ်အေးအေးစိုး(မေသော်ခိုင်)၏ **"မူးယစ်ကင်းစင်တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြေ့လုံခြုံလှ"**ခေါင်းစဉ်ဖြင့်ပညာပေးဇာတ်လမ်းတိုနှင့် ဦးသန်းဝင်း(ဖွဲ့ဝင်းနိုင်-ရွှေ-ရွှေမင်းသား)၏ **"လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ ဝိုင်းဝန်းကာကွယ်တားဆီးမှ"**ခေါင်းစဉ်ဖြင့် ပညာပေးဇာတ်လမ်းတိုတို့ကို အထူးဆုများ ပေးခဲ့သည်။

ဗဟိုအဆင့် ပြိုင်ပွဲဆုရရှိသူများနှင့် နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆုရရှိသူများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပသည့်အခမ်းအနားများတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# နောင်ချိုမြို့နယ်၌ မြို့နယ်အဆင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲကျင်းပ

နောင်ချို ဇွန် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး ရာသီဥတုညီညွတ်မျှတစေရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သစ်တောသစ်ပင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်း ပါဝင်လာစေရန်ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်အဆင့် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန်လ ၂၁ ရက် နံနက်ပိုင်းတွင် မျက်ချင်းနုအုပ်စု နောင်ဩကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်သစ်တောဦးစီးအရာရှိတို့က ပျိုးပင်များပေးအပ်ရာ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်းပင် ၁၀၀၊ ခါတော်မှိပင် ၁၀၀၊ မဟော်ဂနီပင် ၂၀၀၊ ခရေပင် ၁၀၀၊ စိန်ပန်းပင် ၁၀၀၊ ပိတောက်ပင် ၁၀၀ စုစုပေါင်းပျိုးပင် ၇၀၀ အား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သက်ဆိုင်ရာကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း အင်အား ၅၀၀ ဦးတို့ဖြင့် စည်ကားသိုက်မြိုက်စွာ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သန်းသန်းထွေး**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဒေးဒရဲမြို့နယ်၌ မိုးစပါးစိုက်တောင်သူများကို သွင်းအားစုဓာတ်မြေဩဇာများပေးအပ်



ဒေးဒရဲ ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား စပါးအထွက်နှုန်းတိုးတက်စေရေးအတွက် လိုအပ်သောသွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ဇွန်လ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းမှ အကျိုးအမြတ်ရရှိစေရေး၊ သီးနှံပန်းတိုင်အထွက်နှုန်း ပိုမိုထွက်ရှိစေရေးအတွက် လိုအပ်လျက်ရှိသော သွင်းအားစုဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာ တောင်သူများလက်ဝယ်အရောက် အချိန်မီဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ဒေးဒရဲမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်လျက်ရှိသည့် မျိုးကောင်းမျိုးသန့်စပါးများ၊ သွင်းအားစုရွက်ဖျန်းအားဆေး၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးနည်းစနစ်များကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမည့် မိုးစပါးစိုက်ဧက ၁၀၀၀၀ အတွက် ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ကြောင်း သိရသည်။

အေဇာလင်း(ပြန်/ဆက်)

## Agri-Tech Myanmar 2026 ပြပွဲ၌ ရာသီပေါ်သစ်သီးဝလံများ ရောင်းချမည်

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့၌ ယခုလအတွင်းကျင်းပမည့် Agri-Tech Myanmar 2026 ပြပွဲ၌ ရာသီပေါ်သစ်သီးဝလံများကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက အဓိကပံ့ပိုးကူညီသူအဖြစ် ပါဝင်ဆင်နွှဲမည့် Agri-Tech Myanmar 2026 ပြပွဲကို ဇွန်လ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ YCC ၌ ကျင်းပမည်ဖြစ်သည်။

"ဒီနှစ်ပြပွဲမှာတော့ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းအနေနဲ့ အသင်းသား၊ အသင်းသူတွေအနက် တောင်သူငယ်တွေ၊ အသေးစားနဲ့အလတ်စား သစ်သီးဝလံ MSME လုပ်ငန်းရှင်တွေရဲ့ ရာသီပေါ်သစ်သီးဝလံတွေကို ခင်းကျင်းပြသရောင်းချမှာဖြစ်ပါတယ်။ ပြပွဲမှာ ရာသီပေါ်သစ်သီးဝလံတွေကို ဝယ်ယူနိုင်မှာပါ"ဟု ၎င်းကပြောသည်။

ထို့ပြင် အစုအဖွဲ့သစ်များအား အထူးမိတ်ဆက်ခြင်းအနေဖြင့် ကဏ္ဍအလိုက် ပိုမိုအားကောင်းလာစေရန် မြန်မာ့ရှတ်သီးအစုအဖွဲ့၊ ဟင်းသီးဟင်းရွက်အစုအဖွဲ့နှင့် Organic Coffee တို့ကိုလည်း အထူးမိတ်ဆက်ပြသမည်ဖြစ်ပြီး လုပ်ငန်းချိတ်ဆက်မှုများ လာရောက်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် မြန်မာနိုင်ငံအတွင်း ပန်းသီး၊ ကီဝီသီး၊ ဘယ်ရီသီး စသည်တို့ကိုတင်သွင်းရန်လိုသည့် သစ်သီးသွင်းကုန်လုပ်ငန်းရှင်များကိုလည်း လာရောက်ချိတ်ဆက်ပြသရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ဝါဝါ

# လားရှိုးမြို့၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

လားရှိုး ဇွန် ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် လူငယ်သင်တန်းကျောင်းတို့ပူးပေါင်း၍ ဇွန်လ ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၀ ရက်က လားရှိုးမြို့ လူငယ်သင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းနေလှိုင်က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိနိုင်သည့် ရုပ်ပိုင်း၊စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးအန္တရာယ်များအကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နန်းမျိုးသန္တာဦးက အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။



ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

# ဟင်္သာတမြို့နယ်၌ ငါးတန်ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ဟင်္သာတ ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် သားငါးဈေးကွက်၌ ငါးတန်ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သူအောင်၏ပြောပြချက်အရ သိရသည်။

ဟင်္သာတမြို့နယ်၌ ဇွန်လဒုတိယပတ်မှစ၍ ငါးတန်ဝယ်လိုအားကောင်းလာပြီး လက်ရှိတွင် တစ်ရက်လျှင် ငါးတန်ပိဿာ ၄၀၀၀ မှ ၅၀၀၀ ခန့်အထိ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

''ဟင်္သာတမြို့နယ်ဘက်က ထွက်တဲ့ငါးတန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ ဒီဒေသကနေထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေတာပါ။ လက်ရှိ ငါးတန်တွေက အရင်ကထက် အထွက်နည်းနေပေမယ့် အရောင်းအဝယ်အသွက်ဆုံးဖြစ်နေပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတော့ လုပ်သားတွေ၊ လုပ်ငန်းရှင်တွေနဲ့ အဓိကမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်" ဟု ဒေါ်သူအောင်ကပြောသည်။

ဟင်္သာတမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ငါးတန်များကိုဝယ်ယူပြီး ရောင်းတမ်းဝင်သည့်အနေအထားအထိ ထုတ်လုပ်ကာ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ဘိုကလေးမြို့နယ်၌ အသက် ၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဘိုကလေး ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အားကစားခန်းမ၌ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန်လ ၂၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ BGL-2 အသင်းနှင့် Smile အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။



ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အကောင်းဆုံးကစားသမားဆု၊ ပထမဆုရ BGL-2 အသင်းနှင့် ဒုတိယဆုရ Smile အသင်းတို့ကို အသင်းအလိုက် ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။

အဆိုပါ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဘိုကလေးမြို့နယ်အတွင်းမှ ပိုက်ကျော်ခြင်းအသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

# ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် ရှစ်သင်းမြောက် အသင်းအဖြစ် နယ်သာလန်အသင်းမှတ်တမ်းဝင်



အမ်စတာဒမ် ဇွန် ၂၁

နယ်သာလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် ရှစ်သင်းမြောက်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားသည့် နယ်သာလန်အသင်းနှင့် ဆွီဒင်အသင်းတို့ ပွဲစဉ်တွင် နယ်သာလန်အသင်းက ပွဲချိန် ၅ မိနစ်တွင် ဘရိုဘီက အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ပြီးနောက် နယ်သာလန်အသင်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် ရှစ်သင်းမြောက်အသင်းဖြစ်လာခြင်း ဖြစ်သည်။

လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့်အသင်းများတွင် ချန်ပီယံဆုဖလား ငါးကြိမ်အထိဆွတ်ခူးထားပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည့် ဘရာဇီးအသင်းက သွင်းဂိုး ၂၃၇ ဂိုးဖြင့် ထိပ်ဆုံး၌ ရပ်တည်နေပြီး ဘရာဇီးအသင်းနောက်တွင် ချန်ပီယံဆုဖလားလေးကြိမ်ဆွတ်ခူးထားပြီး ဒုတိယအအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည့် ဂျာမနီအသင်းက ၂၃၂ ဂိုးဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ဘရာဇီးအသင်းနှင့် ဂျာမနီအသင်းတို့နောက်တွင် ချန်ပီယံဆုဖလားသုံးကြိမ်ဆွတ်ခူးထားသည့် အာဂျင်တီးနားအသင်းက ၁၉၄ ဂိုးဖြင့် တတိယနေရာတွင်လည်းကောင်း၊ ချန်ပီယံဆုဖလား နှစ်ကြိမ်ဆွတ်ခူးထားသည့် ပြင်သစ်အသင်းက ၁၇၅ ဂိုးဖြင့် စတုတ္ထနေရာတွင်လည်းကောင်း၊ ချန်ပီယံဆုဖလား လေးကြိမ်ဆွတ်ခူးထားသည့် အီတလီအသင်းက ၁၇၄ ဂိုးဖြင့် ပဉ္စမနေရာတွင်လည်းကောင်း၊ ချန်ပီယံဆုဖလား တစ်ကြိမ်ဆွတ်ခူးထားသည့် စပိန်အသင်းက ၁၄၈ ဂိုးဖြင့် ဆဋ္ဌမနေရာတွင်လည်းကောင်း၊ ချန်ပီယံဆုဖလား တစ်ကြိမ်ဆွတ်ခူးထားသည့် အင်္ဂလန်အသင်းက ၁၀၅ ဂိုးဖြင့် သတ္တမနေရာတွင်လည်းကောင်း၊ လက်ရှိ နယ်သာလန်အသင်းက ၁၀၄ ဂိုးရှိလာခဲ့ပြီး အဋ္ဌမနေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။

အဆိုပါပွဲစဉ်တွင် ဘရိုဘီအနေဖြင့် ပွဲချိန် ၄ မိနစ်နှင့် ၄၈ စက္ကန့်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် လက်ရှိ ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမြန်ဆုံးသွင်းဂိုးရှင်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။ *Ref:B/R Football*

# ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အုပ်စုပွဲစဉ် ခြောက်ပွဲဆက်ရှုံးပွဲမရှိသည့် ပထမဆုံး အာဖရိကအသင်းအဖြစ် မော်ရိုကိုအသင်းမှတ်တမ်းဝင်

ရာဘတ် ဇွန် ၂၁

မော်ရိုကိုအသင်းသည် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားသည့် စကော့တလန်အသင်းနှင့်ပွဲစဉ်တွင် ၁ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အုပ်စုပွဲစဉ် ခြောက်ပွဲဆက်ရှုံးပွဲမရှိသည့် ပထမဆုံးအာဖရိကအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

မော်ရိုကိုအသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ၌လည်း ခရိုအေးရှားအသင်း၊ ဘယ်လ်ဂျီယံအသင်းတို့နှင့်တစ်အုပ်စုတည်းကျရောက်ခဲ့သော်လည်း အုပ်စုပွဲစဉ်များတွင် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်သကဲ့သို့ လက်ရှိ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်း၊ စကော့တလန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့သော်လည်း အုပ်စုအဖွင့်ပွဲစဉ်အဖြစ်ကစားသည့် ဘရာဇီးအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ထို့ပြင် အုပ်စုဒုတိယပွဲစဉ်အဖြစ်ကစားသည့် စကော့တလန်အသင်းနှင့်ပွဲစဉ်တွင်လည်း ၁ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုပွဲစဉ် ခြောက်ပွဲဆက်ရှုံးပွဲမရှိသည့် ပထမဆုံးအာဖရိကအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

*Ref:Fotmob*

# ရီးယဲလ်မက်ဒရစ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းမှ အိုလီဆီကိုခေါ်ယူမည့်အစီအစဉ်အား ရုပ်သိမ်းကြောင်းအတည်ပြုကြေညာ

မက်ဒရစ် ဇွန် ၂၁

ရီးယဲလ်မက်ဒရစ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းမှ တိုက်စစ်ကစားသမား အိုလီဆီအားခေါ်ယူမည့် အစီအစဉ်ကိုရုပ်သိမ်းကြောင်း အတည်ပြုကြေညာခဲ့သည်။

နှစ်ရာသီဆက် ဆုဖလားလက်မဲ့ရာသီနှင့်တွေ့ကြုံရပြီးနောက် အပြောင်းအလဲကြီးကြီးမားမားလုပ်ဆောင်နေသည့် ရီးယဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက အိုလီဆီကို ခေါ်ယူရန် တရားဝင်ကြေညာပြီး ကြိုးပမ်းခဲ့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းက ကမ်းလှမ်းမှုများကို ပယ်ချခဲ့သည့်အတွက် ခေါ်ယူမည့်အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းခြင်းဖြစ်သည်။

အိုလီဆီသည် ၂၀၂၄ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ခရစ္စတယ်ပဲလေ့စ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ နှစ်ရာသီဆက်ခြေစွမ်းပြနိုင်ခဲ့ပြီး နှစ်ရာသီဆက် ဂျာမန်ဘွန်ဒက်စ်လီဂါ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်သည်အထိ ခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် အိုလီဆီကို ရီးယဲလ်မက်ဒရစ်အသင်းက စံချိန်တင်ပြောင်းရွှေ့ကြေးအသုံးပြုပြီး ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း ခက်ခဲနိုင်သည့် အခြေအနေများကြောင့် ခေါ်ယူမည့်အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

အိုလီဆီအားခေါ်ယူမည့်အစီအစဉ်ကို ရီးယဲလ်မက်ဒရစ်အသင်းက ရုပ်သိမ်းခဲ့သော်လည်း ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိရသည်။ *Ref:Fabrizio Romano*



# တောင်ပံတိုက်စစ်ကစားသမား ရာဖင်ဟာ တံကောက်ကြောဒဏ်ရာကြောင့် ဘရာဇီးအသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲလက်ကျန်ပွဲစဉ်များကို လွဲချော်ရမည့်အရေးနှင့်ရင်ဆိုင်နေရ

ရီယိုဒီဂျနေးရိုး ဇွန် ၂၁

ဘရာဇီးအသင်း အဓိကတောင်ပံတိုက်စစ်ကစားသမား ရာဖင်ဟာသည် တံကောက်ကြောဒဏ်ရာရရှိသည့်အတွက် ဘရာဇီးအသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ လက်ကျန်ပွဲစဉ်များကို လွဲချော်ရမည့်အရေးနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

ရာဖင်ဟာသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ်ကစားသည့် ဘရာဇီးအသင်းက ဟေတီအသင်းကို ၃ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ပွဲချိန် မိနစ် ၆၀ တွင် တံကောက်ကြောဒဏ်ရာရရှိပြီးနောက် ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် အသင်းဖော် ရိုင်ယန်နှင့် လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ရာဖင်ဟာသည် လက်ရှိ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီကလည်း ဒဏ်ရာပြဿနာနှင့်ရင်ဆိုင်ခဲ့ရပြီး ယခုအခါတွင်လည်း တံကောက်ကြောဒဏ်ရာထပ်မံရရှိသည့်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းများအရ ကစားသမားတစ်ဦးအနေဖြင့် ပြိုင်ပွဲတွင် ဒဏ်ရာနှစ်ကြိမ်ရရှိမည်ဆိုပါက အသင်းကစားသမားစာရင်းမှနုတ်ထွက်ရမည့်စည်းမျဉ်းရှိနေသည့်အတွက် ရာဖင်ဟာအနေဖြင့် တံကောက်ကြောဒဏ်ရာပြင်းထန်မည်ဆိုပါက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲလက်ကျန်ပွဲစဉ်များကို လွဲချော်ရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

လက်ရှိတွင် ရာဖင်ဟာအနေဖြင့် ဒဏ်ရာကြောင့် မည်သည့်အချိန်ထိ အနားယူရမည်ကို သိရှိရခြင်းမရှိသေးဘဲ အသေးစိတ်ဆေးစစ်မှုများ ထပ်မံလုပ်ဆောင်ရမည်ဖြစ်ပြီး ဒဏ်ရာမှာ ပြင်းထန်ဖွယ်ရှိသည့် အခြေအနေများကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ လက်ကျန်ပွဲစဉ်များကို လွဲချော်ရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းကစားသမားများ၌ နောက်ထပ်တောင်ပံတိုက်စစ်ကစားသမား နေမာသည်လည်း ခြေထောက်ကြွက်သားဒဏ်ရာသက်သာခြင်းမရှိသေးဘဲ အနားယူနေရကြောင်း သိရသည်။ *Ref:Top Skills SportsUK*

# ဆီဆိုင်မြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



ဆီဆိုင် ဇွန် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု နောင်အယ်ကျေးရွာ နောင်တောင်းလောကဟိတစာသင်ကျောင်းဝင်း၌ အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲရေးနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးတင်မိုးအောင်၊ ဆီဆိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ကျော်ရန်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများအား ပျိုးပင်များအသီးသီးပေးအပ်ကြပြီး သစ်ပင်စိုက်ပျိုးရာတွင် ယူကလစ်ပင် ၂၅၀၊ ခါတော်မီပင် ၂၅၀၊ မဟော်ဂနီပင် ၂၀၀၊ စိန်ပန်းနီပင် ၂၅၀၊ မန်ကျည်းရှားပင် ၂၅၀ စုစုပေါင်းပျိုးပင် ၁၂၀၀ အား စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မီးဘေးအန္တရာယ်ကင်းရှင်းရေးအသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများဆောင်ရွက်



သီပေါ ဇွန် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်မီးသတ်ဦးစီးဌာနသည် အောင်မြင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း၌ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကြည်ထွန်းက မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်ကျရောက်ပါက မီးသတ်ဆေးဘူးသုံးစွဲပုံ၊ သုံးစွဲနည်းများကို အဆိုပါ ကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအားရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသ၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့ဆောင်ရွက်ခြင်းများကို လေ့ကျင့်ပေးသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ ကျန်ရှိနေသော အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့လည်း အသိပညာပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှသိရသည်။

**ဥဿာတိုင်းသား**

# အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

မင်းဘူး ဇွန် ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဖလံရုံကျေးရွာရှိ အနန္တသုခမ္မာရုံ၌ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်သည့် အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကို ယမန်နေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မင်းဘူးခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး ဖလံရုံကျေးရွာအုပ်ချုပ်ရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို သင်တန်းသူများထံပေးအပ်သည်။

အဆိုပါ စက်ချုပ်နည်းပညာသင်တန်းတွင် သင်တန်းသူ ၁၅ ဦးဖြင့် ဇွန်လ ၂၀ ရက်မှ ဩဂုတ်လ ၇ ရက်အထိ ၄၅ ရက်ကြာ ဖွင့်လှစ်ပြီး လုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်သည်အထိ စာတွေ့လက်တွေ့ ဘာသာရပ်များဖြင့် စနစ်တကျဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းတွင် အမှန်တကယ် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားငါးဦးအား စိစစ်ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများကို ရာသက်ပန်သုံးစွဲခွင့်ပြု၍ အသေးစားလုပ်ငန်းရှင်များဖြစ်အောင် လုပ်ငန်းမှတ်ပုံတင်များဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ၂၀၂၆ ခုနှစ် ဇွန်လ တတိယ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင်လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၄ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၈၆ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။


**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၁၉ မီလီမီတာမှ ၂၉ မီလီမီတာအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၃၀ မီလီမီတာမှ ၃၉ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၄၀ မီလီမီတာမှ ၅၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (ပြည့်ဝ)အခြေအနေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် (စိုစွတ်)အခြေအနေနှင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**(မိုး/ဇလ)**


Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၀၊ ၀၉ ၆၆၆၁၀၈၆၄၆
STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၄၄


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Internet & Mobile Banking Services
✔ Account Transfer
✔ Mobile Topup ( Phone Bill )
✔ Cardless ATM Withdrawl
✔ Remittance
✔ Credit Card Payment
✔ Tax Payment
"စိတ်ချရတာ မြဝတီဘဏ်"
MPU
UnionPay 银联
24 ~ (01) 2301421, 2317166
Phone No : (01) 2301367, 2301368, 2301452, 2301378


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS) 09-459448201
ရွှေမန်းသူ 09-254781060
မန္တလေးအခြေစိုက် 09-426500153
တော်ဝင် 09-423333250
ပါရမီတက္ကစီ 01-3643641
ကုန်စည် 09-440619258
အကောင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

၂၁-၆-၂၀၂၆

**မှတ်သား ဖွယ်ရာ မိုးရေချိန်များ**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မာန်အောင် | ၃ | ဒသမ | ၃၄ | လက်မ | မချမ်းဘော | ၂ | ဒသမ | ၃၂ | လက်မ |
| ပဲခူး | ၂ | ဒသမ | ၉၁ | လက်မ | ကျိုက္ခမီ | ၂ | ဒသမ | ၂၄ | လက်မ |
| စစ်တွေ | ၂ | ဒသမ | ၇၉ | လက်မ | အုတ်ဖို | ၂ | ဒသမ | ၁၆ | လက်မ |
| လှည်းကူး | ၂ | ဒသမ | ၇၂ | လက်မ | ကျောက်တန်း | ၂ | ဒသမ | ၀၉ | လက်မ |
| မအူပင် | ၂ | ဒသမ | ၃၂ | လက်မ | ဟသ်ာတ | ၂ | ဒသမ | ၀၅ | လက်မ |

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၇ ထပ် လူနေအဆောက်အအုံ ၁ လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၇)ထပ်လူနေအဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးပြီးမှု




နေပြည်တော် ဇွန် ၂၁

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချ လုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချ ဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီး ခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ စာမျက်နှာ ၁၅ ကော်လံ ၁ ◆



# မန္တလေးမြို့၌ ၂၀၂၆ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူး(ထောက်လု)ဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မန္တလေး ဇွန် ၂၁

အားကစားရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး (ထောက်လု)ဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေး သာစံမြို့နယ်ရှိ ဗထူးအားကစားရုံ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသ ကြီးဝန်ကြီးများ၊ စာမျက်နှာ ၁၁ ကော်လံ ၁ ➧

ဆောင်းပါး

**လူသားတိုင်းအတွက် ကြိုတင်ကာကွယ် မူးယစ်ဆေးဝါး အန္တရာယ် အပိုင်း(၁)**

စာ - ၁၃ သို့

**သံလွင်ဆီ၏ ကျန်းမာရေးအကြောင်း သိကောင်းစရာ**

စာ - ၈ သို့

**တာမွေမြို့နယ်၌ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ အကြောင်းအသိပညာပေး**

စာ - ၆ သို့

# ဘားအံမြို့၌ ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၂/၂၀၂၆) ဆင်းပွဲကျင်းပ

ဘားအံ ဇွန် ၂၁

ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ နိုင်ငံတော်အတွင်းရှိ ထုတ်ကုန်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် သဘာဝဘေးအပါအဝင်အခြားသောအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ အခြားသောရုတ်တရက်ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်များဖြစ်ပွား ကြုံတွေ့ရပါက စာမျက်နှာ ၁၇ ကော်လံ ၅ ➢



# ကလေးဝမြို့တွင် ငွေကျပ် ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၀ ကီလိုခန့်၊ စိတ်ကြွဆေးပြား ၁၀ သိန်းကျော်နှင့် လက်နက်ခဲယမ်းများဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန်လ ၇ ရက်နေ့ နံနက် ၁၀ နာရီအချိန် ကလေးဝမြို့၊ ချင်းတွင်းတံတားတွင် ဂိုးရှင်းမန် (ခ)ရှင်းမန် မောင်းနှင်လာသော PRADO ယာဉ်ပေါ်မှဘိန်းဖြူ ၅ ဒသမ ၅ ကီလို၊ ဂင့်ကပ်ခိုင်(ခ)ခိုင်ခိုင် မောင်းနှင်လာသော PRADO ယာဉ်ပေါ်မှ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို၊ မုန်ဂင့်ဆန် (ခ)ဆန်းသယ်မောင်းနှင်လာသော PRADO ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၁၀ ဒသမ ၅ သိန်းနှင့်ပစ္စတိုသေနတ် ၂ လက်၊ ၎င်းကျည် ၂၀၀ တောင့်တို့အား ဖမ်းဆီးရမိခဲ့ သဖြင့် မော်တော်ယာဉ် ၃ စီးပေါ်မှ စုစုပေါင်း ၎င်းဒေသ တန်ဖိုးငွေကျပ် ၃ ဒသမ ၀၂ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၉ ဒသမ ၉ ကီလို၊ စိတ်ကြွဆေးပြား ၁၀ ဒသမ ၅ သိန်းနှင့် စာမျက်နှာ ၁၇ ကော်လံ ၅ ■




တရားခံ ဂိုးရှင်းမန်(ခ)ရှင်းမန်၊ မုန်ဂင့်ဆန်(ခ)ဆန်းသယ်နှင့် ဂင့်ကပ်ခိုင်(ခ)ခိုင်ခိုင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

**အယ်နီညိုအခြေအနေနှင့် အခြားအကြောင်းများကြောင့် အာဖရိကနှင့်အာရှဒေသတို့က ရုရှားမှစားနပ်ရိက္ခာများ ပိုမိုတင်သွင်း**

စာ - ၂၃ သို့

**၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲ အုပ်စုပွဲစဉ်များ**

| | | |
|---|---|---|
| အုပ်စု(E) ဂျာမနီ | ၂-၁ | အိုင်ဗရီကို့စ် |
| အုပ်စု(E) အီကွေဒေါ | ၀-၀ | ကူရာဆောင်း |
| အုပ်စု(F) တူနီးရှား | ၀-၄ | ဂျပန် |
| အုပ်စု(H) စပိန် | ၄-၀ | ဆော်ဒီအာရေဗျ |

**၂၂-၆-၂၀၂၆ ည ၁၁ နာရီ ၃၀ မိနစ်**
အုပ်စု(J) အာဂျင်တီးနား Vs သြစတြီးယား

**၂၃-၆-၂၀၂၆ နံနက် ၃ နာရီ ၃၀ မိနစ်**
အုပ်စု(I) ပြင်သစ် Vs အီရတ်

**၂၃-၆-၂၀၂၆ နံနက် ၆ နာရီ ၃၀ မိနစ်**
အုပ်စု(I) နော်ဝေ Vs ဆီနီဂေါ

**၂၃-၆-၂၀၂၆ နံနက် ၉ နာရီ ၃၀ မိနစ်**
အုပ်စု(J) ဂျော်ဒန် Vs အယ်လ်ဂျီးရီးယား

# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့်ကျန် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)